# မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၃ ရက်၊ ၂၀၀၆ ခုနှစ်၊ ဩဂုတ် ၂၀ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၉၅)၊ အမှတ် (၂၂)


**စစ်မှန်သော မျိုးချစ်စိတ်ဓာတ်**

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

# အလုံ၊ တာမွေနှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးစာသင်တိုက်များသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်း

ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကွင်းကျောင်းလမ်းရှိ သာသနဟိတကာရီ ကွင်းကျောင်းပရိယတ္တိစာသင်တိုက် သာသနဟိတကာရီ ပရိယတ္တိဓမ္မဗိမာန်တော်၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော် သံဃာတော်အရှင်သူမြတ်များအား သက်န်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို လက်ခံသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်မှ ပဓာနနာယက ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင်ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။ ***စာမျက်နှာ ၈ ကော်လံ ၁*** ✡

| နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ် |
|---|---|---|
| * နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး | * စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး |
| * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး | * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး | * အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး |
| * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး | * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး | * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး |
| * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး | * နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး | * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး |

**မြန်မာ့အလင်း**

**ဆောင်းပါးနှင့် အင်တာနက် အညွှန်း**

❒ **ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်းမှာ အမျိုးသားရေးလှုပ်ရှားမှုနှင့် အမျိုးသားရေးအလင်း ထွန်းညှိပေးခြင်း တစ်ရပ်ဖြစ်၍ အမျိုးသားရေး အလင်းဖြင့် မြူမှောင်ဟု ဆိုအပ်သော လှည့်ဖြားမှု၊ လိမ်ညာမှု၊ သွေးဆောင်မှု၊ ခြိမ်းခြောက်မှု၊ မှားယွင်းမှု ဟူသည်တို့ကို စာပေမှ ဆင်ခြင်တုံတရားရယူလျက် အမှောင်ကိုခွင်းကြရပေမည်။**

ခြင်ကျား(မအူပင်)၏ အမျိုးသားရေးအလင်း မြူမှောင်ခွင်းအံ့ ဆောင်းပါး(စာ-၁၀)



**စကြဝဠာအတွင်း ပထမဆုံး ဖြစ်တည်ခဲ့သော ကြယ်တာရာများဟု ယူဆရသော ကြယ်များကို အာကာသအတွင်း အမှေးမှိန်ဆုံးအနေအထားဖြင့် တည်ရှိနေပုံကို သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်ဟု ဗြိတိန်၊ ကိုလံဘီယာနှင့် ကနေဒါနိုင်ငံများမှ သုတေသနပညာရှင်များအဖွဲ့က ပြောကြားသည်။**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ (စာ-၆)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

# အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

## ရိုးရာယဉ်ကျေးမှု ရေရှည်တည်တံ့ခိုင်ခံ့ရေး တက်ညီလက်ညီပူးပေါင်းပါဝင်ဆောင်ရွက်

မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ၁၉၉၃ ခုနှစ်မှ စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခုအခါ(၁၄)ကြိမ်မြောက် ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ယခုနှစ်မှစ၍ နေပြည်တော်၌ ပိုမိုစည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပသွားမည် ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးဟူသည့် လူမှုရေးဦးတည်ချက်များနှင့်အညီ ချမှတ်ပေးထားသော ဦးတည်ချက် များ အောင်မြင်အောင် ဆောင်ရွက်နိုင်ရန်နှင့် နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ဆက်လက်ထိန်းသိမ်းနိုင်စေရန် အတွက် ဤပြိုင်ပွဲကြီးကို ကျင်းပနေခြင်းဖြစ်သည်။

ယနေ့ မျက်မှောက်ခေတ်သည် သတင်းနှင့်နည်းပညာများ လျင်မြန်စွာဖွံ့ဖြိုးတိုးတက် နေသည့် ခေတ်ဖြစ်သည်နှင့်အညီ နိုင်ငံအသီးသီး၏ နယ်ပယ်အသီးသီးတွင် အကျိုး သက်ရောက်မှုရှိသကဲ့သို့ အဆိုးသက်ရောက်မှုလည်းရှိသည်။

အထူးသဖြင့် အနောက်နိုင်ငံများ၏ ယဉ်ကျေးမှုထုတ်ကုန်ပစ္စည်းများကို ကမ္ဘာ့ လူဦးရေ၏ ငါးပုံနှစ်ပုံရှိသည့် အသက်၂၀အောက် လူငယ်များအား ဈေးကွက်အဖြစ် သတ်မှတ်ထားရှိသည်။

တေးဂီတဆိုင်ရာတွင် စက်မှုအခြေခံတေးဂီတထုတ်ကုန်များသည် နိုင်ငံများတွင် နှစ်ပေါင်းများစွာ ထိန်းသိမ်းစောင့်ရှောက်ထားသည့် ရိုးရာဂီတများအပေါ် ရောနှော ကူးယှက်နိုင်သည်။ အထူးသဖြင့် မျိုးဆက်သစ် လူငယ်များအပေါ် လွှမ်းမိုးလာမှုပင် ဖြစ်သည်။ ယနေ့ ပေါ်ပေါက်လာသည့် ဂြိုဟ်တုတီဗွီများမှတစ်ဆင့် အနောက်တိုင်း ယဉ်ကျေးမှုများသည် ကမ္ဘာ့လူဦးရေ၏ ၇၅ရာခိုင်နှုန်းခန့်ထံသို့ ရောက်ရှိပျံ့နှံ့လျက်ရှိ သည်။

ထိုကဲ့သို့ဖြစ်ရပ်များသည် နိုင်ငံများ၏ သမိုင်းစဉ်ဆက် ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ ရိုးရာဓလေ့ထုံးစံများအပေါ် လွှမ်းမိုးလာနိုင်သည့် စိန်ခေါ်မှုများပင် ဖြစ်သည်။

မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် နိုင်ငံတော်ကို ကာကွယ် နေခြင်းဖြစ်သည်။ မြန်မာ့ရိုးရာယဉ်ကျေးမှု ရေရှည်တည်တံ့ခိုင်ခံ့စေရန် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်နိုင်ရေးအတွက် နိုင်ငံသားအားလုံးက တက်ညီလက်ညီ ပူးပေါင်းပါဝင်ဆောင်ရွက် သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ကြံခင်း-ပခုက္ကူရထားလမ်းဖောက်ရန် နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထား

## ပခုက္ကူ-ဂန့်ဂေါ-ကလေးရထားလမ်းနှင့် တစ်ဆက်တည်းဖြစ်သွားမည်

## ရောဝတီအနောက်ခြမ်း ဖွံ့ဖြိုးရေး ပုသိမ်-မုံရွာအဝေးပြေးလမ်း ဖောက်လုပ်ခဲ့

ရန်ကုန် ဩဂုတ် ၂၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်း၊ ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအုန်းမြင့်၊ ပန်းတောင်းခရိုင်၊ ဟင်္သာတခရိုင်၊ ပန်းတောင်းမြို့နယ်နှင့် ကြံခင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများလိုက်ပါ၍ ဩဂုတ် ၁၈ ရက် မွန်းလွဲပိုင်းက ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်း ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း စီမံကိန်းအင်ဂျင်နီယာရုံးသို့ ရောက်ရှိသည်။**

စီမံကိန်းယာယီရှင်းလင်းဆောင်၌ မြန်မာ့မီးရထားမှ စီမံကိန်း ဒါရိုက်တာ ဦးမျိုးဝင်းက ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းအတွက် လမ်းအကြောင်း ရွေးချယ်ထားမှု၊ ကြံခင်း-ဥသျှစ်ပင်လမ်းပိုင်း ဖောက်လုပ်ရေး အတွက် ယန္တရားများစုဖွဲ့ထားရှိမှု **(အပေါ်ပုံ)** နှင့် လုပ်ငန်းဆောင်ရွက်မှုများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးဦးဖေသန်းက ဖြည့်စွက် တင်ပြသည်။

### ကြိုးပမ်းဆောင်ရွက်ရန် မှာကြား

ဝန်ကြီးက မှာကြားရာတွင် နိုင်ငံတော်အကြီးအကဲက ဧရာဝတီ အနောက်ခြမ်း တိုးတက်ဖွံ့ဖြိုးရေးအတွက် ပုသိမ်- မုံရွာ အဝေးပြေးကားလမ်း လမ်းမကြီးတည်ဆောက်ပြီးဖြစ်ကြောင်း၊ ရထားလမ်းအနေဖြင့် ပုသိမ်မှ ကြံခင်း အထိသာရှိသေးသဖြင့် မကြာမီ ဖွင့်လှစ်တော့မည့် ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်းနှင့် တစ်ဆက်တည်းဖြစ်အောင် ယခု ကြံခင်း-ပခုက္ကူ ရထားလမ်း ဖောက်လုပ်ရန် လမ်းညွှန်ခဲ့ခြင်းဖြစ်ကြောင်း၊ မြန်မာ့မီးရထားမှ ဝန်ထမ်းများ အနေဖြင့် ဒေသခံပြည်သူများ၏ သွားလာရေးနှင့် ကုန်စည်စီးဆင်းမှု လျင်မြန် ချောမွေ့စေပြီး ဒေသဖွံ့ဖြိုးရေးကို အထောက်အကူပြုစေမည့် ရထားလမ်းသစ်ကြီး အမြန်ပြီးစီးအောင် စိတ်စေတနာကောင်းထားရှိပြီး အားသွန်ခွန်စိုက် ကြိုးပမ်း ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရှားဘိုရွာအနီးမြေသားလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း၊ ကြပ်ပြင်ရွာအနီး၌ ယန္တရားများဖြင့် မြေသားလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ကြံခင်း-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို ကြံခင်းမှ ဥသျှစ်ပင်၊ ဥသျှစ်ပင်မှသရက်၊ သရက်မှမင်းဘူး၊ မင်းဘူးမှစလင်း၊ စလင်းမှ ပခုက္ကူဟူ၍ အပိုင်းလိုက် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကြံခင်း-ဥသျှစ်ပင် လမ်းပိုင်းအရှည်မိုင် ၄၀ အနက် အရှည်မိုင်၂၀ရှိသော ကြံခင်း-ခဝါချောင်း အပိုင်းကို စတင်ဖောက်လုပ်နေပြီဖြစ်သည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ပုသိမ်-ကြံခင်း ရထားလမ်း၏ ဖားရှည်းတံတားတည်ဆောက်မှု လုပ်ငန်းခွင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ စီမံကိန်းဒါရိုက်တာ ဦးမျိုးဝင်းက ဖားရှည်းတံတား တည်ဆောက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက ဖြည့်စွက် တင်ပြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဒေသခံပြည်သူများ သွားလာကူးသန်းမှု လွယ်ကူစေရန်အတွက် မြန်မာ့မီးရထားမှ စီစဉ်ပေးထားသော စက်တပ် ရေယာဉ်ဖြင့် ဖားရှည်းချောင်းအတွင်း ရေလယ်တိုင် ကွန်ကရစ်ဖြည့်ခြင်းလုပ်ငန်း ကိုလည်းကောင်း၊ မြန်အောင်ဘက်ကမ်းသို့ သွားရောက်၍ ကမ်းကပ်ခံမြေစိုက် တိုင်အတွက် Bore Pileတူးခြင်းလုပ်ငန်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြဝတီရုပ်မြင်သံကြား

**၂၁-၈-၂၀၀၆ (တနင်္လာနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

**ညပိုင်း**

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၅၀ ၅။ မျိုးချစ်တပ်မတော်
၅:၁၀ ၆။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၃၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၉။ နိုင်ငံတကာသတင်း
၆:၂၀ ၁၀။ မိုးလေဝသသတင်း
၆:၂၅ ၁၁။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၅ ၁၂။ လျှပ်တစ်ပြက်
၇:၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၄၇)
၈:၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၆။ မေးမြန်းစူးစမ်း
၁၇။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၁၈။ ရုပ်မြင်သံကြားဇာတ်လမ်း **"ချစ်ရမှနေပျော်မှာ"** (အပိုင်း-၁)
**သရုပ်ဆောင်**-ဒွေး၊ စုလှိုင်နှင်း
**ဒါရိုက်တာ**-စာရေးဆရာ တင်သန်းဦး

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၈-၂၀၀၆ (တနင်္လာနေ့)**

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ ငွေကြယ်ပွင့်တို့ရဲ့ ဖြစ်တည်မှု (မီမီဝင်းဖေ)
၇:၃၀ တေးဂီတအစီအစဉ်
၇:၃၅ ဆန်းသစ်လှပ ခေတ်မီသော မြန်မာ့ချည်ထည် အဆင်ဆန်းများ
၇:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၇:၅၅ မေးကြည့် ဖြေကြည့် ပဟေဠိ (မင်းသူ၊ ပုလဲဝင်း)
၈:၁၅ တေးဂီတအစီအစဉ်
၈:၂၀ Celebrity Style (ရတနာမိုင်)
၈:၃၅ မိုးလေဝသခန့်မှန်းချက်
၈:၄၀ သာယာချိုအေး (၃၈)ဖြာ မင်္ဂလာတေး (သူမြတ်ကျင့်ထုံး နလုံးသွင်း)
၈:၅၀ ပြည်တွင်းသတင်းအကျဉ်း
၉:၀၀ တေးဂီတအစီအစဉ်
၉:၀၅ အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင် ဒါရိုက်တာများ [မောင်မျိုးမင်း (ရင်တွင်းဖြစ်) နှင့် တွေ့ဆုံခြင်း] (ပထမပိုင်း)
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ ကြည့်စွအယူ ခန္ဓာ့အလှူ ဓမ္မနှင့်လှူ
၁၀:၀၅ နိုင်ငံတကာသတင်းအကျဉ်း
၁၀:၁၀ အမွန်မြတ်ဆုံးလက်ဆောင် [နေရဲလင်း၊ နှင်းဥ၊ မေနှံ့သာခင်၊ စောနိုင်(ရှမ်းပြည်) ဒေါ်တင်တင်လှ]
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ Movie Talk (အော်စကာဆု) (အကယ်ဒမီ ဦးထွန်းလှိုင်၊ ဒေါက်တာဇော်သန်း)
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ လှပရှုမငြီး ပန်းအလှဆင်နည်း
၁၁:၃၀ တေးဂီတအစီအစဉ်
၁၁:၃၅ အရသာတစ်မူထူးခြား ကိုရီးယား အစားအစာများ (ရေညှိထမင်းလိပ်၊ ပဲခေါက်ဆွဲ)
၁၁:၄၅ ဆုရအက
၁၁:၅၀ Basic Computer Learning For Beginner (Volume-1)
၁၂:၀၀ MRTV-4 အပိတ် Logo

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

# ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် ဓာတ်လှေကားတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပန္နက်တော်စိုက်ထူ လူ ၂၀ လိုက်ပါနိုင်သည့် မြင်ကွင်းကျယ်ဓာတ်လှေကားနှစ်စင်း ခြောက်လအတွင်းပြီးစီးရေးစီစဉ်

**ဆက်ကပ်လှူဒါန်း**

ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဓာတ်လှေကား တည်ဆောက်ရေး ပန္နက်တင်မင်္ဂလာ အခမ်းအနားတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရန်ကုန် ဩဂုတ် ၂၀

**ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် ဓာတ်လှေကားတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်၍ ပန္နက်တော်စိုက်ထူပေးသည်။**

## တက်ရောက်ကြည်ညို

ပန္နက်တင် မင်္ဂလာအခမ်းအနားသို့ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ

**ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဓာတ်လှေကားတည်ဆောက်ရေး ပန္နက်တင် မင်္ဂလာအခမ်းအနားတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ပန္နက်တော်စိုက်ထူပေးစဉ်။** (သတင်းစဉ်)

ပညိန္ဒာဘိဝံသ အမှူးပြုသော ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီး ကျော်ကျော်ထွန်း၊ ဌာနဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ၊ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ပရိကမ္မမင်္ဂလာအခမ်းအနားကို ရွှေတိဂုံစေတီတော်အနောက်ဘက်စောင်းတန်း အောက်ဆုံးဘုံဆောင်လျှောက်လမ်းအတွင်း၌ ကျင်းပရာ ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

## ငါးပါးသီလခံယူဆောက်တည်

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ နိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များထံမှ ပရိသတ်များက ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ချည်၊ ပရိတ်ရေနှင့် ပရိတ်သဲများကိုယူဆောင်ပြီး ဓာတ်လှေကား တည်ဆောက်မည့် ပန္နက်တင်နေရာ၌ ပက်ဖျန်းချည်နှောင်ကြသည်။

## လှူဖွယ်ပစ္စည်းဆက်ကပ်

ယင်းနောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယနိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ထံ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ရွှေတိဂုံစေတီတော်အားရည်မှန်း၍ ပန္နက်တော်လက်ခတ်နှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## အမျှပေးဝေ

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယနိုင်ငံတော် သံဃမဟာ နာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်း ဆရာတော်ထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ အမှူးပြုသော ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆက်လက်၍ ဓာတ်လှေကားတည်ဆောက်ရေး ပန္နက်တင်မင်္ဂလာ အခမ်းအနားကို စေတီတော်အနောက်ဘက် စောင်းတန်းနံဘေး ယာဉ်ရပ်နားစခန်းအတွင်းရှိ သတ်မှတ်နေရာ၌ ကျင်းပရာ ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

## အမွှေးနံ့သာရည်များပက်ဖျန်း

ထို့နောက်မင်္ဂလာအချိန်ကျရောက်သည်နှင့် တစ်ပြိုင်တည်း ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ်လှဌေးဝင်း၊ ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးကျော်ကျော်ထွန်းနှင့် ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အလှည့်ကျသဘာပတိ ဦးသန့်ဇင်တို့က ပန္နက်တော်များ စိုက်ထူပေးကြပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်၌ တည်ဆောက်မည့် ဓာတ်လှေကား ပုံစံကားချပ်များကို ကြည့်ရှုစစ်ဆေးရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများနှင့် Fortune International Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမြဟန်တို့က တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မည့်

အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ပြန်လည် ထွက်ခွာသွားသည်။

အဆိုပါ ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ် ဓာတ်လှေကားကို ရွှေတိဂုံစေတီတော် ထာဝရ ဘက်စုံ ပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ၏ စီစဉ်မှုဖြင့် Fortune International Ltd. က တာဝန်ယူ တည်ဆောက်သွားမည်ဖြစ်သည်။

## ရင်ပြင်တော်လျှောက်လမ်း

ဓာတ်လှေကားအဆောက်အအုံမှာ အမြင့် ၁၄၃ ပေ ၆ လက်မရှိမည်ဖြစ်ပြီး မြေပြင်မှ ရင်ပြင်တော် လျှောက်လမ်းအထိ အမြင့် ၇၂ ပေရှိမည် ဖြစ်သည်။ ဓာတ်လှေကားနှင့် စေတီတော်ရင်ပြင်ကို ဆက်သွယ်သည့် ရင်ပြင်တော်လျှောက်လမ်းမှာ အလျား ၃၁၃ ပေ၊ အကျယ် ၁၆ ပေရှိမည် ဖြစ်သည်။

ဓာတ်လှေကား အဆောက်အအုံတွင် လူ ၂၀ စီးနင်းလိုက်ပါနိုင်သည့် မြင်ကွင်းကျယ် ဓာတ်လှေကားနှစ်စင်း တပ်ဆင်သွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းကို ခြောက်လအတွင်း ပြီးစီးအောင် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

## တာဝန်ယူဆောင်ရွက်

အလားတူ စေတီတော်အနောက်ဘက်မုခ် စောင်းတန်းအတွင်း၌ တပ်ဆင်ထားသည့် စက်လှေကား ပြုပြင်မွမ်းမံရေးလုပ်ငန်းကိုလည်း Fortune International Ltd. က တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**ဩဂုတ် ၂၀ ရက်က သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်ထံ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်နေသော ဝိပဿနာ စေတီတော်အတွက် ဦးသန်း-ဒေါ်စောရင် ချန်ပီယံမိသားစုက ငွေကျပ် သိန်း ၁၂၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ဗ)** (သတင်းစဉ်)

# တပ်ဆင်ထားသောစက်ပစ္စည်းများ စနစ်တကျထိန်းသိမ်း တိုးချဲ့လုပ်ငန်းများ သတ်မှတ်ချိန်ပြီးအောင် ဆောင်ရွက်

**ရန်ကုန် ဩဂုတ် ၂၀**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းက အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း Express Mail Service သို့ ရောက်ရှိလာရာ တာဝန်ရှိသူများက အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့လုပ်ငန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်ချက်များ ဖြည့်ဆည်းပေးပြီး လုပ်ငန်းများ စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

## စနစ်တကျထိန်းသိမ်း

ထိုမှတစ်ဆင့် ဝန်ကြီးသည် ဟံသာဝတီ အော်တိုအိတ်ချိန်းသို့ ရောက်ရှိလာရာ တာဝန်ခံအင်ဂျင်နီယာက လုပ်ငန်းဆောင်ရွက်မှုများကို တင်ပြပြီး ဝန်ကြီးက လုပ်ငန်းများကို ဆောင်ရွက်ရာတွင် တပ်ဆင်ပေးထားသော စက်ပစ္စည်းများကို စနစ်တကျထိန်းသိမ်းပြီး စွမ်းဆောင်မှုများ မြင့်တက်စေရန် မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် GSM နှင့် CDMA မိုဘိုင်းလ်ဆက်သွယ်ရေးစခန်းသို့ ရောက်ရှိလာရာ အင်ဂျင်နီယာချုပ်က လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးသည် လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ မိုဘိုင်းလ်ဖုန်းစနစ်များ တိုးချဲ့ဆောင်ရွက်ခြင်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးသည်။

## ဖြည့်ဆည်းပေး

ထို့နောက် ဝန်ကြီးသည် မရမ်းကုန်းမြို့နယ်ရှိ ပြည်ပဆက်သွယ်ရေးစခန်းသို့ ရောက်ရှိလာရာ အင်ဂျင်နီယာချုပ်က လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။ ဝန်ကြီးက လုပ်ငန်းများကို လိုက်လံစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးကာ အချိန်နှင့်တစ်ပြေးညီ လည်ပတ်မှုရှိစေရေး မှာကြားသည်။ ဆက်လက်၍ ဝန်ကြီးအား သတင်းအချက်အလက်နှင့် နည်းပညာဌာန အင်ဂျင်နီယာချုပ်က လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ဇင်ဘာဘွေနိုင်ငံသို့ တောင်ကိုရီးယားလုပ်ငန်းရှင် ၆၀၀ ခန့် သွားရောက်လေ့လာမည်

ဟာရာရေး ဩဂုတ် ၂၀

တောင်ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူ ၆၀၀ ခန့်တို့သည် ဇင်ဘာဘွေနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှု ပြုနိုင်ရေးအတွက် ယခုနှစ်တွင် ဇင်ဘာဘွေနိုင်ငံသို့ အလည်အပတ်ခရီးသွားကြမည်ဖြစ်ကြောင်း တောင်ကိုရီးယား နိုင်ငံမှ အရာရှိကြီးတစ်ဦးက ဩဂုတ်၁၇ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ တောင်ကိုရီးယားနိုင်ငံမှ ရင်းနှီးမြှုပ်နှံသူများ လာရောက်သည့် အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံနှင့်အတူ ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်စေရန်အတွက် ကြီးမားသော တွန်းအားတစ်ရပ်ဖြစ်ကြောင်း ဇင်ဘာဘွေနိုင်ငံမှ အရာရှိကြီးတစ်ဦးဖြစ်သူ ဂီဒီရွန်ဂိုနိုက ပြောကြားသည်။ တောင်ကိုရီးယားလုပ်ငန်းရှင်များအနေဖြင့် ဇင်ဘာဘွေနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ပါက နိုင်ငံခြားငွေ တိုးတက်ရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများလည်းတိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ဇင်ဘာဘွေနိုင်ငံရှိ စက်မှုလုပ်ငန်းနှင့်စီးပွားရေး လုပ်ငန်းကဏ္ဍများအားလုံးကို တောင်ကိုရီးယား ရင်းနှီးမြှုပ်နှံသူများက လေ့လာကြမည်ဖြစ်ပြီး ဈေးကွက်အနေအထားကိုလည်း သုံးသပ်ကြမည်ဖြစ်ကြောင်းလည်း ဂီဒီရွန်ဂိုနိုက ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဗုံးပါရှိသည်ဟူသော သတိပေးမှုကြောင့် ဗြိတိန်လေယာဉ် အီတလီတောင်ပိုင်း၌ ဆင်းသက်ခဲ့ရ

ရောမ ဩဂုတ် ၂၀

**ဗုံးတစ်လုံးပါရှိသည်ဟု သတင်းကြောင့် ဗြိတိန်လေယာဉ်တစ်စင်းသည် ဩဂုတ် ၁၈ ရက်က အီတလီနိုင်ငံတောင်ပိုင်း ဘရင်းဒီစီလေဆိပ်သို့ အရေးပေါ် ဆင်းသက်ခဲ့ရကြောင်း အီတလီသတင်းဌာန အင်ဆာက သတင်းထုတ်ပြန်သည်။** (အပေါ်ပုံ)

### တိုက်ဖျက်ရေး

ဗုံးပါရှိသည်ဟု သံသယဖြစ်ဖွယ် သတိပေးမှု တစ်ရပ်ကို လေယာဉ်မှူး သိရှိခဲ့ရပြီးနောက် မြေပြင်သို့ ဆင်းသက် ခွင့်ပြုရန် တောင်းဆိုခဲ့ကြောင်း၊ ထို့နောက် အဆိုပါလေယာဉ်အား အီတလီလေတပ်မှဂျက်တိုက်လေယာဉ် တစ်စင်းက လုံခြုံရေးအတွက် လိုက်ပါစောင့်ရှောက်ကာ ဘရင်းဒီစီလေဆိပ်သို့ ဆင်းသက်ခဲ့ကြောင်း အီတလီနိုင်ငံ အကြမ်းဖက်မှု တိုက်ဖျက်ရေးရဲတပ်ဖွဲ့၏ ပြောကြားမှုကို အင်ဆာသတင်းဌာနက ဖော်ပြသည်။

### ရှာဖွေစစ်ဆေး

မြေပြင်သို့ လေယာဉ်ဆိုက်ရောက်သည်နှင့် အီတလီရဲတပ်ဖွဲ့နှင့် မီးသတ်သမားများက ခရီးသည်များအား အလျင်အမြန်ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ပြီး ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါလေယာဉ်သည် ဂတ်ဝစ်ခ်လေဆိပ်မှ အီဂျစ်နိုင်ငံသို့ ပျံသန်းလာစဉ်အီတလီနိုင်ငံဘရင်းဒီစီလေဆိပ်ပေါ် ပျံသန်းချိန်၌ လေယာဉ်မှူးအား အဆိုပါ သတိပေး ချက်ရရှိခဲ့ပြီးနောက် မြေပြင်သို့ ဆင်းသက်ခဲ့ရခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

## မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

## အိန္ဒိယ၊ တောင်ကိုရီးယား၊ လာအို၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်ထုတ်ကုန်များ တရုတ်နိုင်ငံက အခွန်လျှော့ချပေးသွားမည်

ပေကျင်း ဩဂုတ် ၂၀

**အိန္ဒိယနိုင်ငံနှင့် အခြားအာရှနိုင်ငံ လေးနိုင်ငံမှ တင်သွင်းသည့် ကုန်ပစ္စည်းအမျိုးအစားပေါင်း ၁၇၀၀ ကျော်ကို တရုတ်နိုင်ငံက အခွန်ဖြတ်တောက်ပေးမည်ဖြစ်ကြောင်း၊ ထိုသို့အခွန်ဖြတ်တောက်မှုကို လာမည့် စက်တင်ဘာ ၁ ရက်မှ စတင်ကာ ဆောင်ရွက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ဩဂုတ် ၁၇ရက်၌ သတင်း ထုတ်ပြန်သည်။**

### လျှော့ချမည်

တရုတ်နိုင်ငံအနေဖြင့် အာရှ-ပစိဖိတ်ကုန်သွယ်ရေး သဘောတူညီမှုအရ ထိုသို့ဆောင်ရွက်ခြင်းဖြစ်ပြီး အခွန် လျှော့ချပေးမည့် နိုင်ငံများမှာ အိန္ဒိယ၊ တောင်ကိုရီးယား၊ လာအို၊ သီရိလင်္ကာနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့ ဖြစ်ကြောင်း သိရသည်။

### ဖော်ပြ

အဆိုပါ နိုင်ငံများကလည်း တရုတ်နိုင်ငံမှ တင်ပို့သည့် ကုန်ပစ္စည်းများကို အခွန်ဖြတ်တောက်လျှော့ချ ပေးသွားမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သောသတင်း၌ ဖော်ပြသည်။

### ဖြတ်တောက်

ထုတ်ကုန်ပစ္စည်းများ အနေဖြင့် လယ်ယာစိုက်ပျိုးရေး ထုတ်ကုန်များ၊ ဆေးဝါးများ၊ ဓာတုဗေဒပစ္စည်းများ၊ အထည်အလိပ်များ၊ သတ္တုထုတ်ကုန်ပစ္စည်းများ၊ စက်မှုနှင့် အီလက်ထရွန်နစ် ထုတ်ကုန်ပစ္စည်းများ၊ မော်တော်ကားများနှင့် အပိုပစ္စည်းများ ပါဝင်ကြောင်း ၎င်းပစ္စည်းများအပေါ်တွင် အခွန်ဖြတ်တောက်လျှော့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

### အထောက်အကူပြု

ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဒေသအတွင်း ကုန်သွယ်မှု ဆက်ဆံရေးတိုးတက်ဖြစ်ထွန်းစေရန်အတွက် အထောက်အကူပြုစေမှာ ဖြစ်ကြောင်းလည်း တရုတ်ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ တိဗက်ဒေသရှိ ဒေလောင်ဒီကျန်းစီရင်စုတွင် နေရောင်ခြည်စွမ်းအင်သုံး၍ ချက်ပြုတ်နေသော တရုတ်အမျိုးသမီးတစ်ဦးကို ဩဂုတ် ၁၉ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## တရုတ်နိုင်ငံတွင် မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၂၇၄သန်းရှိနေ

ဟောင်ကောင် ဩဂုတ် ၂၀

တရုတ်နိုင်ငံတွင် ယခု နှစ်ပထမခြောက်လအတွင်း မိုဘိုင်းလ်ဖုန်းသုံးစွဲသူ ၂၅ ဒသမ၇၇ သန်းတိုးတက်ခဲ့ရာ တရုတ်နိုင်ငံတွင် ယခုနှစ် ဇွန် ၃၀အထိ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ၂၇၄ သန်းရှိလာကြောင်း တရုတ်နိုင်ငံ မိုဘိုင်းလ်ဆက်သွယ်ရေးကော်ပိုရေးရှင်းက ဩဂုတ် ၁၇ရက်၌ သတင်းထုတ်ပြန်သည်။

### ပြောကြား

ထိုသို့ မိုဘိုင်းလ်ဖုန်းသုံးစွဲသူ တိုးတက်ခဲ့သဖြင့် ၂၀၀၆ ခုနှစ် ပထမခြောက်လတာကာလအတွင်း အမြတ်ငွေ အမေရိကန်ဒေါ်လာ၃ ဒသမ ၇၈ဘီလီယံရရှိခဲ့ရာ ပြီးခဲ့သည့်နှစ်အလားတူ ကာလကထက် အမြတ်ငွေ ၂၅ ဒသမ ၅ရာခိုင်နှုန်း ပိုမိုရရှိခဲ့သည်ဟု တရုတ်မိုဘိုင်းလ်ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဝမ်ကျန်ကျူ့က ဩဂုတ် ၁၇ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ တစ်ရပ်၌ ပြောကြားသည်။

### ကြိုတင်ပြင်ဆင်

တရုတ်မိုဘိုင်းလ်ကော်ပိုရေးရှင်းအနေဖြင့် ကျေးလက်ဒေသများတွင် မိုဘိုင်းလ်ဖုန်း ပိုမိုအသုံးပြုနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပြီး ဈေးကွက်တိုးချဲ့ရေးများကိုလည်း ပြုလုပ်သွားရန် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်စီစဉ်လျက်ရှိသည်ဟု ဝမ်ကျန်ကျူ့က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

## ဗီယက်နမ်၌ မိုးသည်းထန်ပြီး ရေလွှမ်း

ဟန္နိုင်း ဩဂုတ် ၂၀

**ဗီယက်နမ်နိုင်ငံတွင် လွန်ခဲ့သည့် ရက်သတ္တပတ်ကတည်းက မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းခဲ့ရာ လူ ၁၁ဦးသေဆုံးပြီး တစ်ဦးပျောက်ဆုံးခဲ့ကြောင်း ဗီယက်နမ်နိုင်ငံထုတ် လူငယ်သတင်းစာက ဩဂုတ် ၁၆ ရက်တွင် သတင်းဖော်ပြသည်။**

**ဗီယက်နမ်နိုင်ငံ အရှေ့တောင်ပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများ ဖြစ်ပေါ်နေသည်ကို ဩဂုတ်၁၇ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

**ဘင့်သွန်ပြည်နယ်တွင် ဩဂုတ် ၁၆ ရက်က မိုးသည်းထန်ရေကြီးခဲ့ရာ လူများစွာ ပျောက်ဆုံးခဲ့ကြောင်း၊ ငါးဦးသေဆုံးခဲ့ရာ နာ့ဟောအင်ပြည်နယ်မှ ကျောင်းသားငယ် နှစ်ဦး ပါဝင်ခဲ့ကြောင်း ကွင်ဘင့်ပြည်နယ်မှ အမျိုးသမီးတစ်ဦးနှင့် ၎င်း၏ကလေးငယ်မှာ ရေထဲ၌ မျောပါကာ ရေနစ်သေဆုံးခဲ့ကြောင်း သိရသည်။**

**ရေလွှမ်းမှုကြောင့် ဗီယက်နမ်နိုင်ငံ အရှေ့တောင်ဘက်ပိုင်းတွင် စပါးဧက ၁၀၀၀ ခန့် ပျက်စီးကာ မွေးမြူရေးကန်များ၊ လူနေအိမ်များ၊ စာသင်ကျောင်းများ၊ ဆည်မြောင်းတာတမံများနှင့် လမ်းများ ပျက်စီးခဲ့ရာ အမေရိကန်ဒေါ်လာ၁၀သန်းခန့်ဆုံးရှုံးခဲ့ကြောင်း သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ

## လက်ဘနွန်သို့ အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များစေလွှတ်မည်

ဂျကာတာ ဩဂုတ် ၂၀

လက်ဘနွန်နိုင်ငံ တောင်ပိုင်းတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် အတူ တာဝန်ထမ်းဆောင်ရန်အတွက် အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များကို လာမည့် သီတင်းနှစ်ပတ်အတွင်း စေလွှတ်မည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟာဆင်ဝီရာဂျူဒါက ဩဂုတ် ၁၇ ရက်တွင် ပြောကြားလိုက်သည်။

### ပြင်ဆင်

လက်ဘနွန်နိုင်ငံသို့ မိမိတို့တပ်ဖွဲ့ဝင်များစေလွှတ်ရေး ပြင်ဆင်နေပြီဖြစ်ကြောင်း၊ သီတင်းနှစ်ပတ်အတွင်း လက်ဘနွန်၌ကုလသမဂ္ဂတပ်ဖွဲ့ဝင်များနှင့် အတူ တာဝန်ထမ်းဆောင်နိုင်တော့မည်ဖြစ်ကြောင်း ဟာဆင်ဝီရာ ဂျူဒါက ပြောသည်။

### ပူးပေါင်းပါဝင်

အင်ဒိုနီးရှားတပ်ဖွဲ့ဝင်များသည် အခြားနိုင်ငံများမှ တပ်ဖွဲ့ဝင် ၁၀၀၀၀ နှင့်အတူ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့တွင် ပူးပေါင်းပါဝင် တာဝန်ထမ်းဆောင်ကြရမည်ဖြစ်သည်။

ဟာဆင်ဝီရာဂျူဒါအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏(၆၁)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပစဉ် အခမ်းအနားပြင်ပ၌ သီးခြား ပြောကြားခဲ့ခြင်းဖြစ်သည်။

**အမ်အင်အေ၊ဆင်ဟွာ**

# တရုတ်အစိုးရပညာသင်ဆု ဘင်္ဂလားဒေ့ရှ်ကျောင်းသား ၄၈ဦးရရှိ

ဒါကာ ဩဂုတ် ၂၀

**တရုတ်အစိုးရတက္ကသိုလ်သို့ ပညာသင်ကြားမည့် တရုတ်အစိုးရပညာသင်ဆုရရှိခဲ့သည့် ဘင်္ဂလားဒေ့ရှ်ကျောင်းသား ၄၈ဦးအား နှုတ်ဆက်ပွဲကို ဘင်္ဂလားဒေ့ရှ်ရှိ တရုတ်သံရုံး၌ ဩဂုတ် ၁၅ရက်က ကျင်းပခဲ့သည်။**

ထိုနှုတ်ဆက်ပွဲတွင် ယခုနှစ်၌ ပညာသင်ဆုရရှိသည့်အတွက် အလွန်ဘင်္ဂလားဒေ့ရှ်ကျောင်းသား ၄၈ဦး ဝမ်းမြောက်ကြောင်း၊ ပညာသင်ဆုပေးခဲ့သည့် ကာလတစ်လျှောက်တွင် ကျောင်းသားဦးရေ အများဆုံးဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး ချိုင်ဇီးက ဂုဏ်ပြုချီးကျူးစကားပြောကြားခဲ့သည်။

တရုတ်အစိုးရ ပညာသင်ဆုကို ဘင်္ဂလားဒေ့ရှ် ကျောင်းသားများအား ၁၉၇၆ခုနှစ်မှ စတင်ချီးမြှင့်ခဲ့ရာ ၂၀၀၅ ခုနှစ်အထိ ကျောင်းသား ၂၈၈ဦး ရရှိခဲ့ပြီးဖြစ်သည်။

**ရွေးချယ်**

ပညာသင်ဆုရ ကျောင်းသား ၄၈ဦးကို ဘင်္ဂလားဒေ့ရှ်ရှိ တက္ကသိုလ်၊ ကောလိပ်အားလုံးမှ ရွေးချယ်ခဲ့ပြီး အစိုးရ ဒါကာတက္ကသိုလ်မှ ၁၂ဦးနှင့် ပုဂ္ဂလိက တက္ကသိုလ်များမှ ခြောက်ဦး ပါဝင်သည်။

ပညာသင်ဆုရ ကျောင်းသားများသည် တရုတ်နိုင်ငံရှိ တက္ကသိုလ်များသို့ ယခုဩဂုတ်လအကုန်တွင် သွားရောက် ပညာသင်ကြားရလိမ့်မည်ဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယတွင် အပူလှိုင်းကျရောက်၍ ငါးဦးသေဆုံး

နယူးဒေလီ ဩဂုတ် ၂၀

**အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းတွင် ပြီးခဲ့သည်သီတင်းပတ်အတွင်း အပူလှိုင်းကျရောက်မှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ရကြောင်း အင်ဒို–အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။**

မြင့်မား

**ယခုဩဂုတ်လအတွင်းဖြစ်ပေါ်ခဲ့သော အပူချိန်သည် မြင့်မားခဲ့ရာ အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၁၆နှစ်တာကာလအတွင်း စံချိန်တင်မြင့်မားခဲ့ကြောင်း အင်ဒို–အာရှသတင်းဌာနမှ ထုတ်ပြန်သော သတင်း၌ဖော်ပြသည်။**

**အိန္ဒိယနိုင်ငံ အာသံပြည်နယ်တွင်ပြီးခဲ့သည့် သီတင်းပတ်က ပုံမှန်အပူချိန်ထက် လေးဒီဂရီဆဲလ်စီးရပ်စ်ထက်မနည်း ပိုမို ပူပြင်းခဲ့သည်။ ထို့အတူ မိုးရွာသွန်းမှုမှာ ပုံမှန်မိုးရွာသွန်းမှုထက် ၄၁ရာခိုင်နှုန်း လျော့နည်းခဲ့သည်ဟု ဒေသဆိုင်ရာ မိုးလေဝသနှင့် ဇလဗေဒဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒူရယ်ချာကရာဘောလီက ပြောကြားသည်။**

**ပြီးခဲ့သည့် သီတင်းပတ်က အာသံပြည်နယ်၏မြို့တော် ဂူဝါဟာတီတွင် အပူချိန် ၃၈ဒီဂရီဆဲလ်စီးရပ်စ်အထိရှိခဲ့ရာ ဩဂုတ်လတွင် အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။** အမ်အင်အေ၊ဆင်ဟွာ

တောင်အာဖရိကနိုင်ငံတွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေသည်ကို ဩဂုတ်၂၀ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

# တောင်အာဖရိက၌ ဆီးနှင်းများထူထပ်စွာကျဆင်း၊ လူသုံးဦးသေဆုံး

ဂျိုဟန်နစ္စဘတ် ဩဂုတ် ၂၀

**တောင်အာဖရိကနိုင်ငံ အီစတင်းကိတ်ပြည်နယ်တွင်ရှိသော မောင့်ဖလက်ချာအရပ်တွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာကျဆင်းခဲ့မှုကြောင့် လူသုံးဦးသေဆုံးခဲ့ရကြောင်း အက်စ်အေဘီစီသတင်းဌာနက ဩဂုတ် ၁၆ ရက်တွင် သတင်းထုတ်ပြန်သည်။**

မောင့်ဖလက်ချာအရပ်ရှိ လမ်းများ၏ အချို့အစိတ်အပိုင်းများနှင့် မာတာတေလီဒေသအကြား အဆိုးရွားဆုံး ဆီးနှင်းများကျဆင်းမှုဖြစ်ပေါ်ခဲ့သည်။ ကိတ်မြို့နှင့် လီဆိုသိုမြို့များသို့ ဆက်သွယ်ထားသောလမ်းများလည်း ဆီးနှင်းများထူထပ်စွာကျဆင်းမှုကြောင့် သွားလာမှုရပ်ဆိုင်းထားရသည်ဟု အဆိုပါ သတင်း၌ ဖော်ပြသည်။

**ဖုံးလွှမ်း**

လမ်းများပေါ်တွင် ဖုံးလွှမ်းနေသော ဆီးနှင်းများကို ရှင်းလင်းရေးအဖွဲ့များက ဖယ်ရှားနေကြရာ အချို့ဆီးနှင်းခဲများမှာ ရေခဲတုံးကဲ့သို့ဖြစ်နေကြောင်း၊ အချို့ဆီးနှင်းခဲပြင်များမှာ ချိုးဖွဲ၍ မရကြောင်း ရှင်းလင်းရေးအဖွဲ့က ပြောကြားသည်။

**သတိပေး**

အချို့နေရာများတွင် အိမ်ခေါင်မိုးနှင့် စီးပွားရေးအဆောက်အအုံများပေါ်တွင် ဆီးနှင်းခဲများတည်ရှိနေမှုကြောင့် အဆိုပါ အဆောက်အအုံများ ပြိုလဲရန် အနေအထားရှိသဖြင့် အနီးသို့မသွားကြရန် သတိပေးထားရကြောင်း သိရသည်။

**သေဆုံး**

ယခုလ အစောပိုင်းကလည်း အီစတင်းကိတ်ပြည်နယ်ရှိ ဖို့စ်အဲလ်လီဇဘတ်အရပ်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ရေလွှမ်းမှုများဖြစ်ပေါ်ခဲ့ရာ လူခြောက်ဦးထက်မနည်း သေဆုံးခဲ့ရသည်။ **အမ်အင်အေ၊ဆင်ဟွာ**



# တောင်ကိုရီးယားနိုင်ငံသားတစ်ဦး ဟိုတယ် လေးထပ်မှခုန်ချ

**ဟုတ်ဟော့ ဩဂုတ် ၂၀**

တရုတ်နိုင်ငံ မြောက်ပိုင်းအတွင်း မွန်ဂိုလီးယားကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ ဟိုတယ်တစ်ခုအပြင်ဘက်သို့ ခုန်ချခဲ့သော တောင်ကိုရီးယားနိုင်ငံသားတစ်ဦးကို ကယ်တင်ခဲ့ရကြောင်း၊ ဖြစ်ပွားမှုမှာ ဩဂုတ် ၁၅ ရက်ကဖြစ်ကြောင်း ၎င်းအား ဆေးကုသပေးနေသော ဆရာဝန်များက ဩဂုတ် ၁၇ ရက်တွင် အတည်ပြုပြောကြားသည်။

မေ့မြောနေသော အသက် ၃၈နှစ်အရွယ်ရှိ တောင်ကိုရီးယားနိုင်ငံသား ကင်ဆန်ကွမ်သည် ဩဂုတ် ၁၅ရက် နံနက် ၁၁နာရီခန့်က ဟောကျင်းပြည်သူ့ဆေးရုံသို့ ရောက်ရှိလာခဲ့ကြောင်း အဆိုပါဆေးရုံမှ ဒေါက်တာကျင်ဟေရှင်းက ပြောကြားသည်။

ကင်ဆန်ကွမ်သည် ဦးခေါင်းနှင့်နံရိုးများ အက်ကွဲကျိုးပဲ့ပြီး ရင်အုံမှလည်း သွေးများထွက်လျက်ရှိနေကြောင်း ခွဲစိတ်ကုသမှုအမြန်လုပ်ဆောင်ပေးခဲ့ရကြောင်း ဒေါက်တာကျင်ဟေရှင်းက ပြောကြားသည်။ ကင်ဆန်ကွမ်သည် ဩဂုတ် ၁၅ရက် နံနက် ၁၀နာရီခန့်က ဟောကင်မြို့ရှိ ဟောလီးဒေးဟိုတယ်၏ လေးထပ်မှ ခုန်ချခဲ့ကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

# ကမ္ဘာတစ်လွှား ထူးထူးခြားခြား

## ချက်ပြုတ်ရန်နေရာအများဆုံးမီးဖို

**ကမ္ဘာပေါ်တွင် ချက်ပြုတ်စရာ နေရာအများဆုံးပါရှိသော မီးဖိုတစ်ခုကို တွေ့ရစဉ်။** (ဝဲပုံ)

ကနေဒါနိုင်ငံသားတစ်ဦးက တီထွင်ထုတ်လုပ်ထားသော လျှပ်စစ်စွမ်းအင်အသုံးပြု မီးဖိုတစ်ခုမှာ ချက်ပြုတ်ရန်နေရာ၄၀ ပါရှိပြီး မီးဖို၏အရှည်မှာ ၃ ဒသမ ၂၀ မီတာနှင့် အနံမှာ ၁ဒသမ ၂၀မီတာရှိသည်။ ၎င်းမီးဖိုသည် သာမန်မီးဖိုတစ်ခုထက် ၁၄ဆကြီးမားရာ ကမ္ဘာပေါ်တွင် အကြီးမားဆုံးမီးဖိုတစ်ခုအဖြစ် ဂင်းနက်စ်မှတ်တမ်းဝင်မည်ဖြစ်သည်။ **(အင်တာနက်)**

## ကမ္ဘာ့ အသေးငယ်ဆုံး စစ်တုရင်ကစားခုံ

**ကမ္ဘာ့အသေးငယ်ဆုံးစစ်တုရင်ကစားခုံလေးတစ်ခုကို တွေ့ရစဉ်။**
(ယာပုံ)

လန်ဒန်မြို့သားတစ်ဦးက ထုတ်လုပ်ထားသော စစ်တုရင် ကစားခုံနှင့် စစ်တုရင် အရုပ်လေးများမှာ သစ်သားဖြင့် ပြုလုပ်ထားသည်။ စစ်တုရင်ကစားခုံ အရွယ်အစားမှာ အရှည်တစ်လက်မနှင့် အနံတစ်လက်မ၏ လေးပုံတစ်ပုံသာရှိသည်။ ၎င်းစစ်တုရင်ခုံနှင့် အရုပ်များမှာ ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးဖြစ်ကြောင်းသိရသည်။ **(အင်တာနက်)**

# ဟောင်ကောင်၌ မိုဘိုင်းလ်ဖုန်း ခရီးလမ်းညွှန်စနစ်ပြုလုပ်မည်

**ဟောင်ကောင် ဩဂုတ် ၂၀**

ဟောင်ကောင်တွင် ကမ္ဘာလှည့်ခရီးသွားများအတွက် ရှုခင်းများ ကြည့်ရှုခြင်း၊ ဈေးဝယ်ခြင်းနှင့် အစားအသောက်စားသုံးခြင်းများအတွက် သတင်းဆက်သွယ်ပြန်ကြားရန် အထောက်အကူပြုနိုင်သည့်အနေဖြင့် မိုဘိုင်းလ်ဖုန်းစနစ်ကို အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ဟောင်ကောင်ရှိ ခရီးသွားလုပ်ငန်းအဖွဲ့က ဩဂုတ် ၁၈ရက်၌ ပြောကြားသည်။

**စတင်**

ဟောင်ကောင်ခရီးသွား လုပ်ငန်းအနေဖြင့် မိုဘိုင်းလ်ဖုန်းကွန်ရက်ငါးခု၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ခရီးသွားဧည့်သည်များထံ သတင်းအချက်အလက်များ ပေးပို့လမ်းညွှန်နိုင်ရေး စနစ်သစ်တစ်ရပ်ကို စတင်လိုက်ခြင်း ဖြစ်သည်။

**ဆက်သွယ်**

ထိုသို့ မိုဘိုင်းလ်ဖုန်းစနစ်ဖြင့် ခရီးသွားဧည့်သည်များထံ သတင်းအချက်အလက်ပေးပို့ရာတွင် အင်္ဂလိပ်၊ မန်ဒရင်နှင့် ကင်တိုနစ် ဘာသာစကားတို့ဖြင့် ပြောဆို ဆက်သွယ်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

ခရီးသွား ဧည့်သည်များအနေဖြင့် အဆိုပါ မိုဘိုင်းလ်ဖုန်းသတင်းအချက်အလက်စနစ်ကို အသုံးပြုလိုလျှင် သုံးရက်အတွက် ဟောင်ကောင်ဒေါ်လာ ၆၀ ပေးဆောင်ရမည်ဖြစ်သည်။ ခရီးသွားများ သိလိုသည့် အချက်များကို ချက်ချင်းတုံ့ပြန် အဖြေပေးနိုင်အောင်လည်း စီစဉ်ထားသည်။

**မျှော်လင့်**

ယခု စတင်မည့် မိုဘိုင်းလ်ဖုန်း ခရီးသွားလမ်းညွှန်မှုစနစ်သည် ကမ္ဘာလှည့်ခရီးသွားများနှင့် ပြည်တွင်းခရီးသွားများအတွက် အလွန်အသုံးတည့်မည့်စနစ်ဖြစ်လာမည်ဟု အာဏာပိုင်များက မျှော်လင့်ထားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# မြန်မာ့အလင်း သီတင်းတစ်ပတ်အတွင်း ကမ္ဘာ့သတင်းအကျဉ်း

## စုစည်းမှတ်တမ်းတင်သူ – မောင်မောင်မြင့်ဆွေ

ကမ္ဘာတစ်ဝန်း သီတင်းတစ်ပတ်အတွင်းဖြစ်ပျက်ခဲ့သော ထူးခြားသတင်းများမှ အချို့ကို ကောက်နုတ်စုစည်း၍ မြန်မာ့အလင်းပရိသတ်အတွက် စုစည်းဖော်ပြလိုက်ပါသည်။

သြဂုတ် ၁၄။ – အစ္စရေးတို့က ဟစ်ဇ်ဘိုလာတို့ကိုတိုက်ခိုက်ရာတွင် စစ်အင်အား အလွန်အကျွံသုံးစွဲခဲ့မှုကြောင့် လက်ဘနွန်ပြည်သူများသေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် နေအိမ်အဆောက်အအုံများ ပျက်စီးဆုံးရှုံးခဲ့ရမှုကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂက ထောက်ခံမဲ ၂၇၊ ကန့်ကွက်မဲ ၁၁ မဲဖြင့် ဆုံးဖြတ်လိုက်သည်။

– တရုတ်နိုင်ငံတွင် မကြုံစဖူးအပူချိန်များမြင့်တက်လျက်ရှိရာ ပေကျင်းမြို့၌လည်း အပူချိန်များမြင့်မားခဲ့သဖြင့် လေအေးစက်များအသုံးပြုမှုများလွန်ကဲခဲ့ရာ ပေကျင်းမြို့၏ တစ်နေ့တည်း လျှပ်စစ်သုံးစွဲမှု ပမာဏမှာ ကီလိုဝပ် ၁၀ ဒသမ ၈၁ သန်းရှိခဲ့သဖြင့် သမိုင်းမှတ်တမ်း၌ အမြင့်ဆုံးစံချိန်တင်ဖြစ်ခဲ့သည်။

သြဂုတ် ၁၅။ – အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ လူ ၄၇ ဦးသေဆုံးပြီး ၁၄၈ဦး ဒဏ်ရာရရှိခဲ့ရာ ၂၀၀၆ ခုနှစ်၌ သေဆုံးမှုအများဆုံး တိုက်ခိုက်ခံရမှုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။



– ပလူတို၏ အရန်ဂြိုဟ်တစ်ခုကို ထပ်မံ တွေ့ရှိပြန်သဖြင့် စကြဝဠာအတွင်း ဂြိုဟ်ကြီးကိုးခု ရှိသည်ဟူသော အဆိုမှာ ပျက်ပြယ်သွားခဲ့ပြီဖြစ်ကြောင်း၊ ယခု တွေ့ရှိရသည့် အရန်ဂြိုဟ်မှာ ပလူတိုဂြိုဟ် (ဝဲပုံ) အရွယ်အစားခန့် ရှိကြောင်း နာဆာအဖွဲ့က သတင်း ထုတ်ပြန်လိုက်သည်။

– ဂျပန်နိုင်ငံ၏အကြီးမားဆုံး နိုင်ငံပိုင် လျှပ်စစ်လုပ်ငန်းက နေအိမ်များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် စီးပွားရေးလုပ်ငန်းပေါင်း တစ်သန်းခန့်ကို လျှပ်စစ်ဓာတ် ခေတ္တဖြတ်တောက်လိုက်သည်။ ထိုသို့ပြုလုပ်ခြင်းမှာ လျှပ်စစ်ဓာတ်အား ချွေတာရေးအတွက်ဖြစ်ကြောင်း ပြောကြားသည်။

သြဂုတ် ၁၆။ – ကမ္ဘာ့အကြီးမားဆုံး နျူကလီးယားဓာတ်ပေါင်းဖိုကြီးတစ်ခု တရုတ်နိုင်ငံ၌ စတင်တည်ဆောက်လျက်ရှိရာ ၎င်းဓာတ်ပေါင်းဖိုကြီးသည် နိုင်ငံပေါင်းစုံက ပါဝင်တည်ဆောက်ထားသည့် ဓာတ်ပေါင်းဖိုကြီးဖြစ်ကြောင်း၊ ယခုကဲ့သို့ ကမ္ဘာ့အကြီးမားဆုံး နျူကလီးယားဓာတ်ပေါင်းဖိုကြီး တည်ဆောက်ရမှုမှာ ကမ္ဘာ့စွမ်းအင် ပြတ်လပ်မှုနှင့် ကမ္ဘာ့အပူချိန်လျှော့ချလိုမှုအတွက်ဖြစ်ကြောင်း တရုတ်နိုင်ငံက သတင်းထုတ်ပြန်သည်။

– လေယာဉ်များကို ဗုံးခွဲတိုက်ခိုက်ရန် သတင်းဖြစ်ပေါ်ခဲ့မှုကြောင့် ဗြိတိန်လေကြောင်းခရီးစဉ်များ ဖျက်သိမ်းခဲ့ရပြီး လေဆိပ်၌ ရှာဖွေစစ်ဆေးမှုများကြောင့် ခရီးဆောင်အိတ် နှစ်သောင်းကျော် ပျောက်ဆုံးခဲ့ရရာ လျော်ကြေးငွေ အမေရိကန်ဒေါ်လာ ဘီလီယံတစ်ဝက်ရရှိရန် လေကြောင်းကုမ္ပဏီများအနေဖြင့် အတောင်းခံရမှုနှင့် ကြုံတွေ့နေရသည်။

သြဂုတ် ၁၇။ – ဥရောပခြောက်နိုင်ငံတို့က အီရန်နိုင်ငံနှင့် နျူကလီးယားပြဿနာဆိုင်ရာ ရှင်းလင်းတိကျသော အဖြေတစ်ရပ်ရရှိရေး အီရန်ကိုတောင်းဆိုထားရာ အီရန်သမ္မတ အာမက်ဒီနဲရတ်က နျူကလီးယား ထုတ်လုပ် ခွင့်ရပ်ဆိုင်းရေးမှလွဲပြီး တွေ့ဆုံဆွေးနွေးရေး တံခါးဖွင့်ထားကြောင်း တုံ့ပြန်ပြောကြားလိုက်သည်။

– တရုတ်နိုင်ငံအချို့ဒေသများတွင် မကြုံစဖူးအပူချိန်မြင့်မားခဲ့သဖြင့် ဒေသခံပြည်သူများ သောက်သုံးရေ ပြတ်လပ်မှုဖြစ်ပေါ်ခဲ့ရာ အစိုးရကအရေးပေါ် ရေတွင်းပေါင်း၂၀၀၀ကျော် တူးပေးရသည့်အပြင် သောက်သုံးရေဖြန့်ဖြူးရေးများကိုလည်း အမြန်ဆောင်ရွက်ပေးနေရကြောင်း ဆင်ဟွာသတင်းဌာနက သတင်းထုတ်ပြန်သည်။

သြဂုတ် ၁၈။ – သက်တမ်းရင့်လာသည့် နိုင်ငံတကာအာကာသစခန်းယာဉ်ကို အစားထိုးရန် နောက်ထပ်နိုင်ငံတကာအာကာသစခန်းယာဉ်တစ်ခုကို နာဆာအဖွဲ့ကဆောက်လုပ်လျက်ရှိရာ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။ ထိုနိုင်ငံတကာအာကာသစခန်းယာဉ်အသစ်သည် ယခင်အာကာသစခန်းယာဉ်ထက်ကြီးမားပြီး ပိုမိုပြည့်စုံသောခေတ်မီနည်းစနစ်များနှင့် ကိရိယာများ တပ်ဆင်ထားမည်ဖြစ်ကြောင်း သိရသည်။

– လက်ဘနွန်နိုင်ငံတောင်ပိုင်းသို့ ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၃၅၀၀ဖြန့်ချရေးမှာ ယခုသီတင်းရက်ပိုင်းအတွင်း အပြီးဆောင်ရွက်မည်ဟု ကုလသမဂ္ဂနိုင်ငံတကာငြိမ်းချမ်းရေးတပ်ဖွဲ့ကို ဦးဆောင်မည့် ပြင်သစ်နိုင်ငံက သတင်းထုတ်ပြန်လိုက်သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့တွင် ပြင်သစ်၊ တရုတ်၊ ဂါနာ၊ အိန္ဒိယ၊ အိုင်ယာလန်၊ အီတလီနှင့် ယူကရိန်းနိုင်ငံတို့မှ တပ်ဖွဲ့ဝင်များ အပြင် မော်ရိုကို၊ စပိန်၊ ဘယ်လ်ဂျီယံ၊ ဖင်လန်၊ ဘရူနိုင်း၊ ဂျာမနီ၊ ပေါ်တူဂီနှင့် ပါကစ္စတန်နိုင်ငံတို့လည်း ပါဝင်ကာ တူရကီ၊ မလေးရှားနှင့် အင်ဒိုနီးရှားတို့မှ တပ်ဖွဲ့ဝင်အချို့လည်း ပါဝင်ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

သြဂုတ် ၁၉။ – ကမ္ဘာတစ်ဝန်းရှိ ဖွံ့ဖြိုးဆဲနိုင်ငံများမှ ကျောင်းသားလူငယ်များအတွက် ဒေါ်လာ၁၀၀တန် လက်တော့ပ်ကွန်ပျူတာများကို ဖြန့်ဖြူးတော့မည်ဖြစ်ရာ ၂၀၀၇ခုနှစ်၌ အဆိုပါလက်တော့ပ်ကွန်ပျူတာများကို နိုင်ဂျီးရီးယား၊ ဘရာဇီး၊ အာဂျင်တီးနားနှင့် ထိုင်းနိုင်ငံတို့တွင် လက်တော့ပ်ကွန်ပျူတာ ငါးသန်းမှ ခုနစ်သန်းအထိဖြန့်ဖြူးနိုင်ရန်စီစဉ်ထားကြောင်း နီချိုလက်စ်နေဂရိုပွန်တေ ကွန်ပျူတာလုပ်ငန်းက သတင်းထုတ်ပြန်သည်။

– တရုတ်နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆဖြစ်ရပ်များ တိုးတက်များပြားလာသဖြင့် ယာဉ်မတော်တဆမှုများ လျော့ကျစေရေးအတွက် ယာဉ်မောင်းများအား သတိပေးမှုအဖြစ် အဝေးပြေးကားလမ်းများတွင် ယာဉ်မတော်တဆဖြစ်မှုကြောင့် ပျက်စီးနေသော မော်တော်ယာဉ်များကို အမြင့်၌ချိတ်ဆွဲပြသ သတိပေးမှုပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ (အောက်ပုံ) တရုတ်နိုင်ငံတစ်ဝန်း ယခုနှစ် ပထမခုနစ်လတွင် မတော်တဆဖြစ်ရပ်ကြောင့် လူခြောက်သောင်းခန့် သေဆုံးခဲ့ရသည်။

သြဂုတ် ၂၀။ – အိန္ဒိယနိုင်ငံ နယူးဒေလီမြို့မြေအောက်ရထားများအား အကြမ်းဖက်တိုက်ခိုက်မှုမှ အကာအကွယ်ပေးရန် လုံခြုံရေးတပ်ဖွဲ့ဝင်အင်အား ၁၆၀၀ကျော်ကို စတင်ဖြန့်ချလိုက်ပြီဖြစ်ကြောင်း အင်ဒို–အာရှသတင်းဌာနက သတင်းထုတ်ပြန်သည်။

– အစ္စရေးကွန်မန်ဒိုအဖွဲ့တစ်ဖွဲ့က ရဟတ်ယာဉ်တစ်စင်းကို အသုံးပြုပြီး လက်ဘနွန်ရှိ ဟစ်ဇ်ဘိုလာတို့၏အခိုင်အမာ စခန်းတစ်ခုကိုဝင်ရောက်စီးနင်းရာ ဟစ်ဇ်ဘိုလာတို့ပြန်လည်တိုက်ခိုက်မှုကြောင့် အစ္စရေးတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။ ထိုသို့ပြုလုပ်ခြင်းသည် ကုလသမဂ္ဂ၏အပစ်အခတ်ရပ်စဲရေးကို အစ္စရေးတို့ ချိုးဖောက်သည့်လုပ်ရပ်ဖြစ်ကြောင်း ဟစ်ဇ်ဘိုလာတို့က ပြောကြားလိုက်သည်။

(ကိုးကား–အင်တာနက်)

# စကြဝဠာ၏ ရှေးအကျဆုံး ကြယ်တာရာများတွေ့ရှိ

စကြဝဠာအတွင်း ပထမဆုံးဖြစ်တည်ခဲ့သော ကြယ်တာရာများဟု ယူဆရသော ကြယ်များကို အာကာသအတွင်း အမှေးမှိန်ဆုံးအနေအထားဖြင့် တည်ရှိနေပုံကို သုတေသနပညာရှင်များက လေ့လာတွေ့ရှိခဲ့ကြသည်ဟု ဗြိတိန်၊ ကိုလံဘီယာနှင့် ကနေဒါ နိုင်ငံများမှ သုတေသနပညာရှင်များအဖွဲ့က ပြောကြားသည်။

### တောက်ပခြင်းမရှိ

အဆိုပါ ကြယ်တာရာများသည် ကြီးမားသော ကြယ်စင်အစုအဝေးတစ်ခုသဖွယ် စုစည်းဖြစ်တည်နေခြင်း မရှိသလို အရောင်တောက်ပခြင်းလည်းမရှိကြကြောင်း၊ ထိုကြယ်တာရာများသည် လွန်ခဲ့သောနှစ် ဘီလီယံပေါင်းများစွာကတည်းက ဖြစ်တည်ခဲ့သော ကြယ်တာရာများဖြစ်ကြကြောင်း သုတေသနပညာရှင်များက ဆိုသည်။

### အရွယ်အစား

သို့သော် ၎င်းကြယ်တာရာများ၏အရွယ်အစားမှာ လက်ရှိအာကာသ၌ ထွန်းလင်းတောက်ပနေသော ကြယ်တာရာများ၏ အရွယ်အစားမျှရှိကြောင်း၊ အလင်းရောင် တောက်ပမှုမှာ လွန်စွာအားနည်းကာ မှေးမှိန်လျက်ရှိနေကြပြီဖြစ်ကြောင်း ၎င်းတို့က ဆက်လက်ပြောကြားသည်။

ယခုကဲ့သို့ တွေ့မြင်ရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်ပြီး မည်သည့်အတွက်ကြောင့် အလင်းရောင်တောက်ပမှု မှေးမှိန်ခဲ့ရခြင်းဖြစ်ကြောင်းကို ဆက်လက် လေလာသုတေသနပြုရမည်ဖြစ်သည်ဟုလည်း အဆိုပါ သုတေသနပညာရှင်များက ပြောကြားသည်။

### ပုံရိပ်ထုတ်ပြန်ခဲ့

သုတေသနပညာရှင်များအနေဖြင့် ယခုကဲ့သို့ ပြတ်သားကောင်းမွန်သော ပုံရိပ်ကို ရရှိခြင်းမှာ ဟူဘယ် အာကာသအဏုကြည့်မှန်ပြောင်းနှင့်အတူ



ပူးတွဲ တပ်ဆင်ထားသော စွမ်းအားမြင့် ကင်မရာများကြောင့်ဖြစ်ပြီး အဆိုပါ ကြယ်တာရာများကို တွေ့ရှိပြီး ငါးရက်အကြာ၌ ပုံရိပ်များကို ထုတ်ပြန်နိုင်ခဲ့ခြင်းဖြစ်သည်။

### အလင်းရောင်

စကြဝဠာ၌ ပထမဦးဆုံးဖြစ်တည်ခဲ့သည်ဟု ယူဆရသော ၎င်းကြယ်တာရာများမှာ မြေပြင်စခန်းမှ ဟူဘယ်အာကာသအဏုကြည့်မှန်ပြောင်းမှ ကြည့်ရှုရာ၌ပင် အလွန်အလင်းရောင်ဖျော့သော ဖယောင်းတိုင်မီးရောင်ခန့်သာ တွေ့ရှိရသည်ဟု သုတေသနအဖွဲ့ခေါင်းဆောင် ဟာဗေးရစ်ချာက ပြောကြားသည်။

### အနေအထား

မိမိတို့ အနေဖြင့် ယခုထက် ရှေးကျသော ကြယ်တာရာများကို ထပ်မံလေ့လာနေမည်ဖြစ်သော်လည်း ယခု ကြယ်တာရာများမှာ မိမိတို့ လေ့လာတွေ့ရှိသမျှ ကြယ်တာရာများတွင် အလွန်ရှေးကျပြီး သူ့ထက် ရှေးကျသော ကြယ်တာရာများ တွေ့ရှိဖို့ မလွယ်ကြောင်း၊ မိမိတို့သည် ယခု ရှာဖွေတွေ့ရှိသော ရှေးအကျဆုံး ကြယ်တာရာများကို လေ့လာသုတေသနပြုကြည့်ခြင်းဖြင့် စကြဝဠာ၏ ဖြစ်တည်ခြင်းအနေအထားကို တွက်ဆသုံးသပ်နိုင်မည်ဟုလည်း ဟာဗေးရစ်ချာက ဆက်လက်ပြောကြားသည်။

(ကိုးကား–အင်တာနက်)

အင်တာနက် သတင်းနှင့်ဓာတ်ပုံ

# ပင်လောင်းမြို့နယ် ဆောင်းပြောင်းစံပြကျေးရွာ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၂၀

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်ရှိ ဆောင်းပြောင်းစံပြကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၁၀ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပသည်။**

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ဆောင်းပြောင်းစံပြကျေးရွာ စာပေဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာပေဗဟုသုတစာအုပ်များ ဖတ်ရှုလေ့လာနေကြသော တိုင်းရင်းသားများအား တွေ့ရစဉ်။** (သတင်းစဉ်)

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဒေါ်ဝင်းဝင်းသော်နှင့် ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်တို့က ဖဲကြိုးဖြတ်၍ ကျောင်းဆောင်သစ်ကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ကျောင်းဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန်းမောင်က ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ကျောင်းဆောင်သစ်နှင့် ပတ်သက်သော မှတ်တမ်းများကို ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဝင်းက လက်ခံသည်။

### လက်ခံ

ထို့နောက် တွဲဖက်အခြေခံပညာအထက်တန်းကျောင်းအတွက် အလှူရှင် ဦးသန်းမောင်က ငွေကျပ်၁၀သိန်း၊ ဦးထွန်းမောင်က ငွေကျပ်သုံးသိန်း၊ ဦးတီးကျော်က ငွေကျပ်နှစ်သိန်း၊ ဦးမောင်ဦးက ငွေကျပ် တစ်သိန်းနှင့် ဦးစိန်လှက ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားသည်။

### စာကြည့်တိုက်

ထို့နောက် တာဝန်ရှိသူများသည် ကွန်ပျူတာခန်း၊ အိမ်တွင်းမှုခန်း၊ ဂီတခန်း၊ ပန်းချီခန်း၊ သိပ္ပံခန်းနှင့် စာကြည့်တိုက်ခန်းများကို ကြည့်ရှုကြသည်။

ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်သော ကျောင်းဆောင်သစ်မှာ အလျားပေ၆၀၊ အနံပေ ၃၀ ရှိ သွပ်မိုးအုတ်ကာ ကွန်ကရစ်ခင်းဖြစ်ပြီး ကာလတန်းဖိုးငွေ ကျပ်သိန်း ၆၀ ဖြစ်ကြောင်း သိရသည်။

ထို့နောက် ဆောင်းပြောင်းစံပြကျေးရွာ စာပေဗိမာန် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်၌ စာအုပ်နှင့်ငွေလှူဒါန်းပွဲကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းက စာအုပ်၅၀၊ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူးက စာအုပ်၅၀၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းဆိုင်နွံက စာအုပ်၅၀၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသန်းမောင်က အလှူငွေကျပ်၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းနှင့် တာဝန်ရှိသူတို့က လက်ခံကြသည်။

### ပံ့ပိုးကူညီ

ဆက်လက်၍ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာချိုထွန်း ဦးဆောင်သော အထူးကုဆရာဝန်ကြီးများ ဆေးကုသလျက်ရှိသည့် ကျေးလက်ကျန်းမာရေးဌာနသို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ပံ့ပိုးကူညီပေးကြကြောင်း သိရသည်။

### ကပ်လှူ

ထို့နောက် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဒေသခံ ရပ်မိရပ်ဖများက ဆောင်းပြောင်းစံပြကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်ကြီးအား ဝါဆိုသင်္ကန်းကပ်လှူပြီးနောက် သက်ကြီး ဘိုးဘွား ၂၀ အားကန်တော့၍ တစ်ဦးလျှင် ကန်တော့လက်ဆောင် ၅၀၀၀ ဖိုး ပေးအပ်ခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ မွှာရုံ၌ စကားဝိုင်းဆွေးနွေးပွဲကျင်းပရာ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အမျိုးသမီးများ၊ ဒေသခံ တိုင်းရင်းသူများ စုစုပေါင်း အင်အား ၃၀၀ တက်ရောက်ကြသည်။

ဆောင်းပြောင်းစံပြကျေးရွာသည် ပင်လောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က တည်ဆောက်ထားသော ဆောင်းပြောင်း–နန့်နိမ့်ရွာချင်းဆက် ကျောက်ချောလမ်း ခုနစ်မိုင်၊ ဆောင်း

**ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ် ဆောင်းပြောင်းစံပြကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်း ကိုယ့်အားကိုယ်ကိုး ကျောင်းဆောင်သစ် ဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းမောင် တွဲဖက်အခြေခံပညာအထက်တန်းကျောင်း အတွက် အလှူငွေကျပ် ၁၀ သိန်းကို ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးဝင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

ပြောင်း–ထီဘီ ကျောက်ချောလမ်း၊ ဆောင်းပြောင်း–လတိန် ကျောက်ချောလမ်းတို့ကို ဖောက်လုပ်ထားရှိသည်။

### ဖွံ့ဖြိုးတိုးတက်

ပင်လောင်းမြို့နယ် ဆောင်းပြောင်းဒေသသည် နယ်မြေအေးချမ်းသာယာမှုရှိခြင်း၊လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်း၊ ပညာရေးကို အားပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများ ဖြစ်ထွန်းအောင်မြင်မှုရှိခြင်းတို့ကြောင့် ဆောင်းပြောင်းစံပြကျေးရွာသည်တစ်နေ့တခြား ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း တွေ့မြင်နိုင်ပြီ ဖြစ်သည်။ **(သတင်းစဉ်)**

## ဝါတွင်းတရားပွဲ ကျင်းပမည်

**ရန်ကုန် ဩဂုတ် ၂၀**

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင် ရွှေတောင်ကျောင်းတိုက် ဦးစီးပဓာန နာယက သာသနာပြုနယ်လှည့်ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တဝိမလ အရှင်သူမြတ်သည် ဩဂုတ် ၂၂ ရက်တွင် မော်လမြိုင်မြို့ ကျိုက်သလွံဘုရား ပဋ္ဌာန်းဓမ္မာရုံ၌ လည်းကောင်း၊ စက်တင်ဘာ ၆ ရက်တွင် ဦးဇိနဘုရားကုန်းမြေဓမ္မာရုံ၌ လည်းကောင်း၊ စက်တင်ဘာ ၂၁ ရက်တွင် ကျိုက်ဖနဲရပ် ရွှေကြက်ယက်စေတီဓမ္မာရုံ၌လည်းကောင်း၊ စက်တင်ဘာ ၂၉ ရက်တွင် ပေါင်မြို့နယ် မုတ္တမကော့စိုင် အောင်သိဒ္ဓိကျောင်း၌ လည်းကောင်း၊ အောက်တိုဘာ ၆ ရက် (သီတင်းကျွတ် လပြည့်နေ့) တွင် ဆံတော်ရှင် ကျိုက်သုတ်ဓမ္မာရုံ၌ လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်တွင် သာသနာ့ဗိမာန်တော်ကြီး၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။

**(က–ပ)**

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် ရန်ကင်းမြို့နယ် (၄)ရပ်ကွက် တိုက်၁၂၂ အခန်း ၁နေ ဦးရှိန်(မြေတိုင်း)နှင့် သား ကိုညွန့်ရှိန် (RIO)တို့အားရည်စူး၍ ဒေါ်မြမြမိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှုဆောင်ဆရာတော် အရှင်အာစိန္န (သာသနဓဇ ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)

**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာမြန်မာကျောင်း(မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက်တိုးချဲ့မြေနှစ်ဧကေ ဝယ်ယူရန်အတွက် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် မင်္ဂလာလမ်း အမှတ် ၂၃ နေ ဦးသိန်းဇော်–ဒေါ်မြင့်စန်း မိသားစုက အလှူငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အကျိုးတော်ဆောင် ဆရာတော် ဒေါက်တာအရှင်သုန္ဒရ (လုမ္ဗိနီ) ရှေ့မှောက်၌ တာဝန်ခံ ရွှေမြင့်တင်–ဦးညို (သီဟသုဓမ္မ မဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ)ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

## အထက သုဝဏ္ဏ အာစရိယပူဇော်ပွဲ

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(သုဝဏ္ဏ) ကျောင်းသားဟောင်းများဦးစီး၍ ပဌမအကြိမ် အာစရိယပူဇော်ပွဲကို ၂၀၀၇ ခုနှစ် ဇန်နဝါရီ ၇ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် အထက သုဝဏ္ဏ သီရိသုဝဏ္ဏပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ ၁၉၆၅–၂၀၀၇ ခုနှစ်အတွင်း အထက သုဝဏ္ဏ၌ လုပ်သက်သုံးနှစ်နှင့်အထက်ရှိ အသက် ၆၀ ပြည့်ပြီးသူ အငြိမ်းစား ဆရာ ဆရာမကြီးများ ဆက်သွယ်နိုင်ရန်နှင့် နှစ်အလိုက်ပညာသင်ကြားခဲ့သော ကျောင်းသား ကျောင်းသူဟောင်းများ ဦးထွန်းမင်း(ကျောင်းအုပ်ကြီး) ဖုန်း–၅၆၃၆၆၇၊ ဒေါ်ရီရီမြင့် ဖုန်း–၅၆၅၂၄၇၊ ဦးစိုးပိုင်(သီဟသစ်ခွဲစက်) ဖုန်း–၅၇၀၄၄၀၊ ဦးဥက္ကာအေး (အလင်္ကာဝတ်ရည်ဂျာနယ်တိုက်) ဖုန်း–၀၉–၅၁–၄၄၀၂၃နှင့် ဒေါ်ခင်မာလာအေး ဖုန်း–၀၉–၉၉–၂၈၆၄၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

### ပေးအပ်

**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် ကော်မတီရုံးခန်း (ဗဟန်း ၃ လမ်းမှတ်တိုင်အနီးတွင်) Huston TxX USA ၌နေ ဦးဝေလွင်–ဒေါ်မိုးမိုးနွယ်၊ သမီး သီရိမိုးဝေလွင်တို့က သမီး သီရိမိုးဝေလွင် ကိုးနှစ်ပြည့် မွေးနေ့ အလှူအဖြစ် အလှူငွေကျပ်တစ်သိန်းကို စာရင်းစစ် ဦးစန်မင်းထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဧည့်ပရိသတ်များ၊ တာမွေမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၁ တိုက်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ စာသင်တိုက် ကိုးတိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့်ဆွမ်းပဒေသာပင် အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြစဉ်။**(သတင်းစဉ်)

## ✡ ရှေ့ဖုံးမှ

ရှေးဦးစွာ ကွင်းကျောင်း ပရိယတ္တိ စာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတ ထံမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ် လှ‌ဌေးဝင်းနှင့် တပ်မတော် အရာရှိကြီးများက ဆရာတော်သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## အလှူငွေများပေးအပ်

ထို့နောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြရာ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၀၀၀၀၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၆၀၀၀၀၊ အလုံမြို့နယ်အတွင်းရှိ စေတနာရှင်ပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများက ငွေကျပ် ၁၆၃၈၅၀၀၊ (ဦးသိန်းမောင်)-ဒေါ်ပါးပါး(စန္ဒီပရဆေးမိသားစု)က ငွေကျပ် ၃၀၃၀၀၀၊ သီဟသုမေ္မမဏိဇောတရ ဦးတင်ဝင်း - သီရိသုဓမ္မသင်္ဂဟ ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်း၊ ဦးအရှပ်-ဒေါ်ကျင်တီ မိသားစု(ကွင်းကျောင်းလမ်း)၊ အမှတ် (၁)တပ်မတော်ဆေးရုံ(ခုတင်-၁၀၀၀) တပ်မှူးနှင့် အရာရှိ၊ စစ်သည်များ၊ ဟသ်ာပုံနှိပ်စက်မိသားစုတို့က ငွေကျပ် တစ်သိန်းစီ အပါအဝင် အလှူရှင်များက ဆွမ်းပဒေသာပင် အလှူတော် စုစုပေါင်းငွေကျပ် ၄၆၄၈၅၀၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှ‌ဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက လက်ခံ

အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက်ခြောက်တိုက်တို့သို့ ယနေ့ လှူဒါန်းမှုအစုစုမှာ ဆွမ်းဆန်တော် ၂၂၃ အိတ်နှင့် ခြောက်ပြည်၊ ဆီ၁၁၆ပိဿာ နှင့် ၂၀ကျပ်သား၊ အိုင်အိုဒင်းဆား ၁၅၂၄ပိဿာ၊ တိုင်းရင်းဆေး မျိုးစုံ ၇၃၅၇ဘူး၊ ပဲ၁၅၂ပိဿာနှင့် ၄၀ ကျပ်သား၊ သွားတိုက်ဆားဘူး ၁၅၂ ဘူးနှင့် ဆွမ်းပဒေသာပင် အလှူတော် ငွေကျပ် ၄၆၄၈၅၀၀ ဖြစ်သည်။

## တာမွေနှင့်မင်္ဂလာတောင်ညွန့်

အလားတူ ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်းရှိ ပရိယတ္တိ စာသင်တိုက် ၁၁တိုက်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ စာသင်တိုက် ကိုးတိုက်တို့သို့ တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ညနေ ၃နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် နတ်ချောင်းရပ်ကွက် မဟာသန္တိသုခ ဗုဒ္ဓသာသနာပြုကျောင်းတော်ကြီးရှိ ဓရာခန်းမကြီး၌ ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိုန်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဘာသာရေးနှင့်လူမှုရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များနှင့် စေတနာရှင် ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

## လှူဖွယ်ပစ္စည်းများဆက်ကပ်

ရှေးဦးစွာ တာမွေမြို့နယ် မင်္ဂလာသုခ ပါဠိတက္ကသိုလ် ပဓာန နာယကအဖွဲ့ဝင် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ တိုင်းမှူးဗိုလ်မှူးချုပ် လှ‌ဌေးဝင်းနှင့်တပ်မတော်အရာရှိကြီးများက ဆရာတော် သံဃာတော်နှင့်ပဲများကို တပ်မတော် (ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီးမျိုးနိုင်၊ ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး နေဝင်းနှင့် မင်္ဂလာဒုံ လေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ သာသနာရေး ဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာနနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ဆွမ်းပဒေသာပင် အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ တပ်မတော် (ကြည်း၊

**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှ‌ဌေးဝင်း အလုံမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်ခြောက်တိုက်တို့သို့ တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူ များ၏ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင် အလှူငွေများ ပေးအပ်လှူဒါန်းပွဲတွင် အလှူရှင်တစ်ဦးထံမှ ဆွမ်းပဒေသာပင်အတွက် လှူဒါန်းငွေများလက်ခံစဉ်။**
(သတင်းစဉ်)

## ဆက်ကပ်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများ လှူဒါန်း သော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေးနှင့် ပဲများကို တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများကိုယ်စား ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ ဒုတိယ ဗိုလ်မှူးကြီး မျိုးနိုင်၊ ရေဝတီ ရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး နေဝင်း နှင့် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဆွေလင်းတို့က ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ၊ သာသနာရေးဝန်ကြီးဌာန၊ ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၊ သတ္တုတွင်းဝန်ကြီး ဌာန မြန်မာ့ဆားနှင့် အဏ္ဏဝါ ဓာတုဗေဒ ပစ္စည်းထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းနှင့် ရန်ကုန်တိုင်း ဆားစက်လုပ်ငန်းရှင်များ၊ ကျန်းမာရေး ဝန်ကြီးဌာန တိုင်းရင်း ဆေးပညာဦးစီး ဌာနနှင့် စေတနာရှင် ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးထံ ဆက်ကပ်လှူဒါန်းကြသည်။

ဒေါ်စန်းစန်းဝင်း(မြန်မာပြည်သားဟော့ KN ကုမ္ပဏီ)က ငွေကျပ်သုံးသိန်း၊ ဦးရဲအောင်-ဒေါ်လှဲ့လှဲ့ဝင်း(သီရိကုဋေကြွယ် ကုမ္ပဏီလီမိတက်၊ ကြက်ဆူစိုက်ပျိုးရေးအဖွဲ့)က ငွေကျပ် ၂၀၆၀၀၀၊ ဦးသိုင်းဝင်း-ဒေါ်ဌေးဌေးညွန့်(BTB Co., Ltd.)နှင့် သုဓမ္မမဏိဇောတရ ဦးတင်အောင်-သီရိသုဓမ္မသင်္ဂဟ ဒေါ်လှလှနွယ်(ဝင်းရတနာခရီးသွားလုပ်ငန်း)တို့က ငွေကျပ်နှစ်သိန်းစီ၊ သီရိသုဓမ္မသင်္ဂဟ ဒေါ်မြသိန်း၊ သား ဦးရန်ရှင်း (United Winner International Co., Ltd.)၊ ဒေါ်သန်းနု(ဒေါ်နု)မိသားစုနှင့် ဦးတင်လှ (Camel Co., Ltd.)၊ ဦးအောင်ဇော်မြင့်-သီရိသုဓမ္မသင်္ဂဟ ဒေါက်တာမြတ်မြတ်အုန်းခင် မိသားစုနှင့် ဆန်းမြန်မာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်တို့က ငွေကျပ် ၁၁၀၀၀၀ စီ၊ ဦးထွန်းရွှေ-ဒေါ်သင်းသင်းဆွေ (ထွန်းရွှေဝါဆေးတိုက်)၊ မြန်မာနိုင်ငံဆန်ကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရေဝတီရေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

## အမျှပေးဝေ

ယင်းနောက် ကွင်းကျောင်းပရိယတ္တိစာသင်တိုက် ပဓာန နာယက ဆရာတော် ဘဒ္ဒန္တ သုဇာတထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် အလုံမြို့နယ် ယုဝတီဝတ်အသင်းက အရပ်(၁၀)မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**တာမွေမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက် ၁၁ တိုက်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ စာသင်တိုက် ကိုးတိုက်တို့သို့ တပ်မတော် (ကြည်း၊ရေ၊လေ)မိသားစုများ လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲများကို မိသားစုများကိုယ်စား ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီးနေဝင်းနှင့် မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းတို့ ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြစဉ်။** (သတင်းစဉ်)

မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်ကြည်ညိုပြီး ဆရာတော်ကြီးအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆွမ်းပဒေသာပင် အလှူတော်ငွေများကို လက်ခံသည်။

အခမ်းအနားသို့ တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်တို့မှ စာသင်တိုက်ကြီးများ၏ ပဓာန နာယက ဆရာတော်များနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် အရှင်သူမြတ်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

## ဆွမ်းဆန်တော်လှူဒါန်း

ထို့နောက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသော ဆွမ်းဆန်တော်၊ ဆီ၊ဆား၊ဆေး ရေ၊လေ) မိသားစုများက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် နှစ်သိန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်နှင့် တာမွေမြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီတို့က

ငွေကျပ်သုံးသိန်း၊ ဗဟန်းမြို့နယ်မှ ဦးခင်တိုး–ဒေါ်ခင်စန္ဒာဝင်း မိသားစုက ငွေကျပ်သိန်း ၃၀၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဥပတ္ထမ္ဘကအဖွဲ့က ငွေကျပ် ၁၅သိန်း၊ အင်းဝလမ်းမှ ဦးကျန်ဘွန်း–ဒေါ်လှလှရွှေ မိသားစုက ငွေကျပ် ၁၅ သိန်း၊ ဦးထွန်းရှိန်–ဒေါ်တင်မြ မိသားစုက ငွေကျပ် ၁၄ သိန်း၊ တာမွေကြီး (က+ဂ)ရပ်ကွက်မှ ဒေါ်အေးမြင့် မိသားစု၊ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဒေါ်မြင့်မြင့်ကြိုင် မိသားစုနှင့် တာမွေမြို့နယ်မှ ဦးအုံ့ကျော် မိသားစုနှင့် တာမွေမြို့နယ်မှ ဦးရွှေမြ–ဒေါ်စိန်စိန် မိသားစုတို့က ငွေကျပ် ၁၀ သိန်းစီ၊ ကျားကိုးကောင် မော်တော်ယာဉ် ထုတ်လုပ်ရေး ဦးခင်ဇော်–ဒေါ်ခင်ဆွေဦးနှင့် Mother Trading Co., Ltd. ဦးအောင်မြတ်တို့က ငွေကျပ် ခြောက်သိန်းစီ၊ မြန်မာနိုင်ငံ တမီးလ်ဖောင်ဒေးရှင်းက ငွေကျပ် ၅၁၃၀၀၀၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ Yangon Crown Wire Co., Ltd. မှ ဦးရှောက်စန်း မိသားစု၊ Smark Technical Services ဦးကျော်ကျော်လှိုင် မိသားစု၊ တာမွေမြို့နယ် ဆီကုန်သည်များနှင့် ဆီစက်လုပ်ငန်းရှင်များအသင်း၊ ဦးဝေလင်း–ဒေါ်စန်းစန်းရီ(ပါဝါလိုက်စားသောက်ဆိုင်)နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်မှ စုပေါင်းလှူဒါန်းငွေကျပ် ငါးသိန်းစီ၊ မြန်မာ့ရွှေသရဖူကုမ္ပဏီမှ ဦးကျော်ဝင်း–ဒေါ်ခင်ဆွေဦးတို့က ငွေကျပ် ၃၃၀၀၀၀၊ ယုဇနပလာဇာ အလှူရှင်များအဖွဲ့က ငွေကျပ် ၃၁၂၂၀၀၊ စန္ဒီပရဆေးမိသားစု (ဦးသိန်းမောင်)–ဒေါ်ပါးပါးတို့က ငွေကျပ် ၃၀၃၀၀၀၊ BTB Co., Ltd. မှ ဦးသိုင်းဝင်း–ဒေါ်ဌေးဌေးညွန့်၊ မြန်မာနိုင်ငံ ဆီကုန်သည်များအသင်း၊ လမ်းမတော်မှ ဦးဘသိန်း–ဒေါ်တင်ကြွေ မိသားစု၊ Kawaso Transport Co., Ltd. မှ ဦးသက်ဇော် – ဒေါ်ထားထားနွယ်၊ သပြေညို အိမ်ဆောက်ပစ္စည်း ရောင်းဝယ်ရေးမှ ဦးချစ်မွေး၊ ရွှေသံလွင်ကုမ္ပဏီမှ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးသိန်းဝင်း၊ အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်နီမိသားစုနှင့် အနန္တသုခဆေးတိုက်မှ ဦးစိန်ဌေး မိသားစုတို့က ငွေကျပ်သုံးသိန်းစီ၊ တာမွေမြို့နယ် ပညာရေးမိသားစုများက ငွေကျပ် ၂၈၂၃၅၀၊ ဂရိတ်ဝေါလ်ဆေးဝါး ထုတ်လုပ်ရေးမှ ဦးမောင်မောင်နှင့် ညီများက ငွေကျပ် ၂၅၀၀၀၀၊ ဟိုတယ်နီကိုး၊ နှင်းဆီလှုပ်ရေးမှ သုဓမ္မသီဂီ ဒေါ်နုငယ်၊ Asia Express Co., Ltd. မှ အဂ္ဂမဟာ သီရိသုဓမ္မမဏိဇောတဓရ၊ သီဟသုဓမ္မမဏိဇောတဓရ ဦးမောင်မောင်၊ ပြည့်ဖြိုးအောင်ဆောက်လုပ်ရေးမှ ဦးဝင်းကို၊ ဆူဇူကီးမော်တော်ဆားဗစ်မှ ဦးအောင်ဝင်း–ဒေါ်ရင်ရင်မြ၊ Relax စားသောက်ဆိုင်မှ ဦးမြင့်စိုး၊ ရွှေဌေးကားပစ္စည်းရောင်းဝယ်ရေးမှ ဦးလှရွှေနှင့် အဖွဲ့၊ Beer Queen စားသောက်ဆိုင်မှ ဦးသိန်းဌေး၊ အောင်မေတ္တာနိုတီဘောလ်ပင်ကုမ္ပဏီမှ ဒေါ်နုနုလွင်နှင့် ILBC တာမွေမှ ဦးတင်မောင်ဝင်းတို့က ငွေကျပ်၂၂၀၀၀၀စီ၊ ခနအောင်ကုမ္ပဏီမှ သီရိသုဓမ္မမဏိဇောတဓရ ဦးစိုးသိန်း–ဒေါ်ခင်ချိုအုံး၊ KN Co.,Ltd. မှ ဦးတင်ဝင်း–ဒေါ်စန်းစန်းဝင်း၊ ဆန်းမြန်မာ ကုမ္ပဏီလီမိတက်မှ ဦးမျိုးအောင်–ဒေါ်ခင်ရည်မွန်၊ တင်ကုမ္ပဏီလီမိတက်မှ သီရိသုဓမ္မမဏိဇောတဓရ ဒေါက်တာမိုးတင်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဆီကုန်သည်များအသင်းနှင့် ရွှေဒေါ်လာအအေးခန်းမှ ဒေါ်သန်းသန်းအေး၊ Big Bear Co.,Ltd. မှ ဒေါ်ဥမ္မာသန်းတို့က ငွေကျပ်နှစ်သိန်းစီ အပါအဝင် အလှူရှင်များက အလှူငွေ စုစုပေါင်း ငွေကျပ် ၂၈၄၆၃၅၅၀ ကို ပေးအပ်လှူဒါန်းကြရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းနှင့် တပ်မတော်အရာရှိကြီးများက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

## ရှင်းလင်းလျှောက်ထား

ထို့နောက် မင်္ဂလာဒုံလေတပ်စခန်း ဌာနချုပ်မှ ဒုတိယဗိုလ်မှူးကြီး ဇော်မင်းက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ဆေး၊ ပဲနှင့် ဆွမ်းပဒေသာပင်အလှူငွေများ လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် မင်္ဂလာတောင်ညွန့်မြို့နယ် အောင်မြေဗိမာန်စာသင်တိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မသာရထံမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် အဖွဲ့ဝင်များ၊ ပရိသတ်များက ရေစက်ချအနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

## အခမ်းအနားရုပ်သိမ်း

ထို့နောက် တာမွေမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူလေးများက အရပ်ဆယ်မျက်နှာ မေတ္တာပို့သကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယနေ့ကျင်းပသော တာမွေမြို့နယ်နှင့် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်းရှိ စာသင်တိုက်ကြီး ၂၀ တို့အား တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများ၏ လှူဒါန်းမှုစုစုပေါင်းမှာ ဆွမ်းဆန်တော် ၄၁၆အိတ်နှင့် ၁၂ပြည်၊ ဆီ ၁၇၉ ပိဿာ ၆၀ ကျပ်သား၊ ပဲ ၃၅၉ ပိဿာ ၂၀ ကျပ်သား၊ အိုင်အိုဒင်းဆား ၁၇၉၆ ပိဿာ၊ တိုင်းရင်းဆေးမျိုးစုံ ၁၉၈၉ ဘူး၊ သွားတိုက်ဆားဘူး၃၆၀နှင့် ဆွမ်းပဒေသာပင် အလှူတော်ငွေကျပ် ၂၉၄၆၃၅၅၀ ဖြစ်သည်။

**(သတင်းစဉ်)**

■ *ကျောဖုံးမှ*

ရှေးဦးစွာ ဝန်ကြီးသည် ရဲရွာ RCC တမံလုပ်ငန်း၏ ဘယ်ဘက်အခြမ်း EL-139 မှနေ၍ Stage 3A2 တွင် RCC ကွန်ကရစ် သွန်းလောင်းနေမှုကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်က လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ထို့နောက်ဝန်ကြီးသည် EL-139 မှနေ၍ တမံ၏လက်ဝဲဘက်ကမ်းတွင် ပင်မတမံအောက်ခြေ ခိုင်ခံ့မှုရှိစေရန်အတွက် ဘိလပ်မြေဖိသွင်းခြင်း လုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူးက ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီးသည် တမံ၏ လက်ဝဲဘက်ကမ်းတွင် ဓာတ်အားပေးစက်ရုံတည်ဆောက်ရန် မြေသား၊ ကျောက်သား တူးဖော်ဖယ်ထုတ်ခြင်း၊ မိုင်းခွဲ၍ ကျောက်သားဖယ်ထုတ်ခြင်း လုပ်ငန်းများကိုစစ်ဆေးရာ ဒုတိယဝန်ကြီးက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးသည် RCC တမံ Stage 3A2 တွင် RCC ကွန်ကရစ်သွန်းလောင်းနေသည့် နေရာကို သွားရောက်ပြီး အနီးကပ်ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တာဝန်ရှိသူများက RCC ကွန်ကရစ် သွန်းလောင်းမှု သိပ်သည်းခြင်း စံချိန်မီမမီကို Nuclear Densiometer ဖြင့် စစ်ဆေး ကြပ်မတ်ပုံကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက အသေးစိတ်ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက်ဝန်ကြီးသည် RCC တမံ Stage 3A2 တွင် Precast Gallery များ အသင့်ထောင်ထားပြီးစီးပြီးနောက် RCC သွန်းလောင်းနေမှုကို စစ်ဆေးရာ စီမံကိန်းညွှန်ကြားရေးမှူးက ဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြသည်။

ဝန်ကြီးသည် ည ၁၂ နာရီတွင် RCC တမံ Stage 3A2 တွင် RCC ကွန်ကရစ်လောင်းနေမှုကို စစ်ဆေးသည်။ စက်ယန္တရားများဖြင့် RCC ကွန်ကရစ်သယ်ယူခြင်းကိုလည်းကောင်း၊ ကွန်ကရစ်ဖြန့်နေခြင်းကိုလည်းကောင်း၊ သိပ်သည်းမှုရရှိစေရန် Roller များဖြင့် Vibration လုပ်၍ ကြိတ်နေခြင်းကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

## အဆက်မပြတ်

Stage 3A2 အဆင့်တွင် RCC ကွန်ကရစ်ကျင်းပေါင်း ၂၂၈၀၀၀ ကျင်း လောင်းရမည်ဖြစ်ပြီး အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အင်ဂျင်နီယာများ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် ၂၄ နာရီ အဆက်မပြတ် သွန်းလောင်းလျက်ရှိသည်။

## ကြိုးစားဆောင်ရွက်

ရဲရွာ RCC ကွန်ကရစ်တမံသည် တမံအမြင့် ၄၃၃ပေရှိပြီး RCC ကွန်ကရစ်ကျင်းပေါင်းကိုးသိန်းကျင်းခန့် သွန်းလောင်းရမည်ဖြစ်ပြီး ကျွမ်းကျင်ဝန်ထမ်းများဖြင့် ၂၄နာရီကို အဆိုင်းသုံးဆိုင်းဖြင့် အဆက်မပြတ်သွန်းလောင်းလျက်ရှိရာ ဝန်ကြီးက တာဝန်ရှိသူများအား အရည်အသွေးစစ်ဆေးမှုကို အမြဲမပြတ်ပြုလုပ်ရေး၊ သတ်မှတ်ချိန်ထက်စောစွာ၍ပြီးစီးရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။

ရဲရွာရေအားလျှပ်စစ်စီမံကိန်းပြီးစီးပါက စက်တပ်ဆင်အင်အား လျှပ်စစ် ၇၉၀မဂ္ဂါဝပ် ထုတ်လုပ်ပေးနိုင်မည်ဖြစ်ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

**မန္တလေးမြို့ မြစ်ငယ်မြစ်ပေါ်တွင် တည်ဆောက်လျက်ရှိသော ရဲရွာရေအားလျှပ်စစ် စီမံကိန်းကို တွေ့ရစဉ်။**
(အမှတ်–၁၊ လျှပ်စစ်)

# မွမ်ဘိုင်းမြို့၌ တည်ဆောက်နေသော ဝိပဿနာစေတီတော်အတွက် အလှူငွေပေးအပ် အလယ်ဌာပနာတော်တိုက်ပိတ်ပွဲအခမ်းအနား အောက်တိုဘာ ၂၉ ရက်၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၀

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ အုတ်မြစ်တော်စီပေးခဲ့ပြီး ဆရာတော်ကြီးများ ဩဝါဒါစရိယအဖြစ် ဆောင်ရွက်ပေးနေတော်မူသော မြန်မာနိုင်ငံ၏ဂုဏ်ဆောင် ကမ္ဘာ့ဝိပဿနာတရားပြ ဆရာကြီး ဦးဂိုအင်ကာဦးဆောင်၍ အိန္ဒိယသမ္မတနိုင်ငံ မွမ်ဘိုင်းမြို့၌ တည်ဆောက်လျက်ရှိသော သာသနာ့သမိုင်းဝင်မည့် ဝိပဿနာစေတီတော်ကြီးအတွက် မြန်မာနိုင်ငံမှ အလှူရှင်များ၏ စတုတ္ထအကြိမ် အလှူတော်ငွေ ပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ဓမ္မဇောတိဝိပဿနာရိပ်သာဓမ္မခန်းမ၌ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် တက်ရောက်၍ အလှူငွေများကို လက်ခံသည်။**

အခမ်းအနားတွင် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းကြရာ အဘိုးဦးဘဘွား၊ အဘွားဒေါ်စိန်ညွန့်၊ ဖခင် ဦးမြင့်သိန်း၊ မိခင် ဒေါ်အုန်းမြ၊ အစ်ကို ဦးပွင့်ကျော်တို့အား ရည်စူး၍ တာမွေမြို့နယ် မအူကုန်းလမ်းကျယ် ဒေါ်ဝင်းကြည်မြင့် မိသားစုက ငွေကျပ်သိန်း ၃၀၀၊ ဦးသန်း–ဒေါ်စောရင်ချန်ပီယံမိသားစုက ငွေကျပ်သိန်း ၁၂၀၊ သီရိသုဓမ္မသီဂီဒေါ်ညိုညိုက ငွေကျပ်သိန်း ၇၀ နှင့် ငွေကျပ် လေးသိန်းတန် ရွှေပန်းခိုင်တစ်ခိုင်၊ ဦးစန်းဝင်း–ဒေါ်တင်တင်ရီ သားကြီးမောင်မင်းသက်နိုင်၊ သားငယ် မောင်ကျော်ဇောရှင်း ပျဉ်းမနားမြို့က ငွေကျပ် ၂၅ သိန်း၊ ဒေါ်အမာနှင့်သားဦးစံလင်း၊ ဒေါ်ခင်သန်းဝင်း မြေး–မေဦးလင်း မိသားစု လမ်းမတော်မြို့နယ် ဝါးတန်းလမ်းက ငွေကျပ် ၁၉၄၁၄၀၃ တန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ ဒေါ်လှတင်မိသားစု တက္ကသိုလ်ရိပ်သာလမ်း သစ်က အမေရိကန်ဒေါ်လာ ၁၀၀၀၊ ကျေးဇူးရှင် မိဘနှစ်ပါးနှင့် အစ်မကြီးတို့အား အမှူးထား၍ ဒေါ်လှသန်း၊ ဦးအောင်ကြည်၊ ဦးသောင်းထွန်း၊ ဒေါ်တင်ယုံ မောင်နှမတစ်စု၊ မရမ်းကုန်းမြို့နယ် အေဝမ်းခြံလမ်းက ငွေကျပ် ၁၂ သိန်း၊ ကမ်းလွန်ရေနံ မြန်မာ့ရေနံနှင့်သဘာဝလုပ်ငန်း ညွှန်ကြားရေးမှူး ဦးမြင့်ဌေး–ဒေါ်သန္တာကျော်တို့က ငွေကျပ် ၁၁ သိန်း သုံးထောင်၊ သီရိသုဓမ္မမဏိဇောတဓရ ဦးခင်လှ–ဒေါ်ခင်မြမြအောင် (အောင်ရတနာဖြိုး ကော်မာရှယ်ကုမ္ပဏီလီမိတက်) က ငွေကျပ် ၁၁ သိန်းအပါအဝင် အလှူရှင် ၃၇၇ ဦးတို့က ငွေကျပ် ၁၁၄၀၀၄၆၈၀၊ အမေရိကန်ဒေါ်လာ ၃၃၃၀၊ FEC ၈၅၀၊ စတာလင်ပေါင် ၁၀၀၊ ရွှေထည်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၄၂၈၉၀၃ တို့ကို ပေးအပ်လှူဒါန်းကြရာ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးမြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကုသိုလ်ကောင်းမှုအစုစုကို စုပေါင်း အမျှပေးဝေ၍ အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

ဝိပဿနာစေတီတော်ကြီး၏ အလယ်ဌာပနာတော် တိုက်ပိတ်ပွဲကို မြန်မာနိုင်ငံမှ ဩဝါဒါစရိယ ဆရာတော်ကြီးများ ကြွရောက်၍ ၂၀၀၆ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပမည်ဖြစ်ရာ လိုက်ပါကြည်ညိုလိုသူများသည် ဩဂုတ် ၃၁ ရက် နောက်ဆုံးထား၍ ဓမ္မဇောတိရိပ်သာသို့ ဆက်သွယ်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❐ **ကျောဖုံးမှ**

ပွဲစသည်နှင့် နှစ်သင်းစလုံး ထိုးထိုးဖောက်ဖောက်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဖူလ်ဟမ်မှ ပါပါဘော်ဘာ ဂိုးသွင်းခွင့် စတင်ရရှိသော်လည်း မန်ယူ ဂိုးသမား ဗန်ဒါဆာ ကာကွယ်လိုက်နိုင်သည်။ ပွဲချိန် ခုနစ်မိနစ်တွင် ရိုင်ယန်ဂစ် ဝဲတောင်ပံမှ ဖြတ်ပို့လိုက်သော ဘောလုံးကို လူးဝစ်ဆာဟာ ခေါင်းတိုက်ဂိုး သွင်းယူရာ မန်ယူတို့ ဖွင့်ဆော်ဦးဂိုး စတင်ရရှိသွားသည်။

## သုံးဂိုးရရှိ

ပွဲချိန် ၁၅ မိနစ်တွင် ဖူလ်ဟမ်နောက်တန်းအလယ်လူ ပီယာစီနှင့် ထိပြီး ကိုယ့်ဂိုးကိုယ်ပြန်သွင်းမိလိုက်သဖြင့် မန်ယူတို့ ၁၅ မိနစ်အတွင်း နှစ်ဂိုးရရှိခဲ့သည်။ ယင်းနောက် ဆာဟာ မြေမကျဘဲကန်သွင်းသည့် ဘောလုံးကို ဖူလ်ဟမ်ဂိုးသမား အင်န်တီနီမီး ကာကွယ်နိုင်ခဲ့သည်။ ပွဲချိန် ၁၇ မိနစ်တွင် ဝိန်းရွန်နေက ပထမဆုံးရာသီ အဖွင့်ပွဲ၌ တစ်ဂိုးသွင်းယူလိုက်၍ မန်ယူတို့ သုံးဂိုးရရှိခဲ့သည်။

မန်ယူတိုက်စစ်မှူး ရွန်နေနှင့် စီရိုနယ်ဒိုတို့အတွဲသည် အတိုင်အဖောက်အခင်းအကျင်းကောင်းမွန်မှုကိုလည်း တွေ့ရသည်။ ရွန်နေ ဖန်တီးပေးသော ဘောလုံးကို စီရိုနယ်ဒိုက ပွဲချိန်၁၉မိနစ်တွင် သွင်းယူခဲ့၍ မန်ယူတို့ လေးဂိုး–ဂိုးမရှိဖြင့် ဦးဆောင်နေပြန်သည်။

## ချေပဂိုး

သို့သော်လည်း ပွဲချိန်မိနစ် ၄၀ တွင် မန်ယူဂိုးအပြင်ဘက်မှ ဟယ်လ်ဂူဆင် ကန်သွင်းရာ မန်ယူနောက်တန်းလူ ဖာဒီနန်ကိုထိမှန်ပြီး ဂိုးသမား ဗန်ဒါဆာ၏ အပေါ်ဘက်မှ ကျော်ဝင်သွားခဲ့၍ ဖူလ်ဟမ်အသင်း ချေပဂိုး စတင်ရရှိသွားသည်။ ယင်းနောက် မကြာမီ ပွဲချိန် ၄၅ မိနစ်ပြည့်သွား၍ ဒိုင်လူကြီးက ပထမပိုင်းပွဲပြီးခရာမှုတ်လိုက်ရာ မန်ယူကစားသမားများက ၎င်း၏ပရိသတ်များကို နှုတ်ဆက်၍ ကွင်းအတွင်းမှ ထွက်သွားကြသည်။

ဒုတိယပိုင်း ပြန်အစတွင် ဂယ်ရီနဗီးလ်နှင့် ဆေးဗက်စတားတို့ကို လူလဲကစားခဲ့သည်။ ၆၁ မိနစ်တွင် ရိုင်ယန်ဂစ်နှင့် ဆာဟာတို့အစား ဆိုးလ်ရှားနှင့် ပတ်ဂျီဆန်တို့ ဝင်ကစားခဲ့သည်။

မန်ယူကစားသမားအချို့လဲကစားခဲ့သော်လည်း တိုက်စစ်အရှိန်အဟုန်မကျဘဲ အကွက်စေ့စေ့၊ အချိတ်အဆက်မိမိဖြင့် ကစားကွက်ကို စိုးမိုးထားရာ ပွဲချိန် ၆၄ မိနစ်တွင် ရွန်နေက ဒုတိယမြောက်ဂိုးကို မြေလိမ့်ဘောသွင်းယူလိုက်၍ မန်ယူတို့ ငါးဂိုး–တစ်ဂိုးဖြင့် အနိုင်ရပြီး ရာသီကန့်လန့်ကာ အဖွင့်ဂိုးပြတ်ရလဒ်ကောင်း ရရှိကာ ပွဲစဉ်(၁)ကို စတင်လိုက်သည်။

## ချယ်လ်ဆီး

ပရီမီယာလိဂ်ချန်ပီယံ ချယ်လ်ဆီးအသင်းသည် မန်စီးတီးအသင်းကို သုံးဂိုး–ဂိုးမရှိဖြင့်နိုင်ကာ သုံးနှစ် ဆက်တိုက် ချန်ပီယံဖြစ်ရေး ခြေလှမ်းသစ်ကို စတင်လိုက်သည်။



**ချယ်လ်ဆီးအသင်းအတွက် ဒုတိယမြောက်ဂိုးကို လမ်းပတ်က အဝေးမှ ဤသို့ ကန်သွင်းယူခဲ့သည်။** (ဓာတ်ပုံ–အင်တာနက်)

## ဒုတိယမြောက်ဂိုး

ပွဲချိန် ၁၁မိနစ်တွင် ရော့ဘင်၏ အလွတ်တည်ကန်ဘောမှ တစ်ဆင့် ဂျွန်တယ်ရီခေါင်းတိုက်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၂၆မိနစ်တွင် လမ်းပတ်၏ အရှိန်ပြင်းပြင်းကန်သွင်းချက်ကြောင့် မန်စီးတီး ဂိုးသမား ကာကွယ်နိုင်ခြင်းမရှိဘဲ ချယ်လ်ဆီးကို ဒုတိယမြောက် ဂိုးပေးလိုက်ရပြန်သည်။

ပွဲချိန် ၆၃ မိနစ်တွင် မန်စီးတီးမှ ကော်ရာဒီ အနီကတ်ဖြင့် ထွက်သွားရပြီးနောက် ချယ်လ်ဆီးတို့ အလွယ်တကူကစားနိုင်ခဲ့သည်။ မန်စီးတီးတို့ ရံဖန်ရံခါ တိုက်စစ်ဆင် ကစားနိုင်ခဲ့သော်လည်း ချယ်လ်ဆီး ဂိုးသမားကို ဒုက္ခပေးနိုင်လောက်အောင် တိုက်စစ်မျိုး အလွန်နည်းပါးခဲ့သည်။

## ဂိုးပေါက်ပျောက်

ချယ်လ်ဆီးမှ အသစ်စာချုပ်လိုက်သော မိုက်ကယ်ဘောလက် ဒဏ်ရာရထား၍ ပါဝင်ခြင်းမရှိပေ။ တိုက်စစ်မှူးအသစ် ရှက်ဗ်ချင်ကိုမှာလည်း ချယ်လ်ဆီး အသင်းအတွက် ပါဝင်ကစားခဲ့သော်လည်း ဂိုးသွင်းခြေစွမ်းမရသေးဘဲ ဂိုးပေါက်ပျောက်နေခဲ့သည်။

ချယ်လ်ဆီး အသင်းအတွက် တတိယမြောက်ဂိုးကို ဒရော့ဘာက ဝိန်းဘရစ်ခ်ျ ဖြတ်တင်ပေးလိုက်သော ဘောလုံးမှ တစ်ဆင့် ခေါင်းတိုက်သွင်းယူနိုင်ခဲ့သည်။

ချယ်လ်ဆီးက ပထမပိုင်းနှစ်ဂိုး အနိုင်ရထားမှုနှင့် ပြိုင်ပွဲတစ်လျှောက်လုံးထိန်းချုပ်ကစားသွားနိုင်သည်ကို တွေ့ရသည်။

## ဂိုးရလဒ်များကောင်း

ပရီမီယာလိဂ်အဖွင့်ပွဲ ပွဲစဉ်(၁)တွင် အသင်းကြီးများဖြစ်သည့် မန်ယူနှင့် ချယ်လ်ဆီးတို့ ဂိုးရလဒ်များကောင်းသော်လည်း ပြိုင်ဘက်အသင်းများ ဖြစ်ကြသည့် အာဆင်နယ်နှင့် လီဗာပူးအသင်းတို့သည် သရေပွဲများနှင့် ကြုံခဲ့ရသည်။ ။

**(အင်တာနက်)**

# အမျိုးသားရေးအလင်း မြှုမှောင်ခွင်းအံ့

မြန်မာစာပေအက္ခရာသည် “ဗြာဟ္မီအက္ခရာ”မှ ဆင်းသက်လာသည်ဟု သုတေသီတို့က သုံးသပ်ဖွင့်ဆိုကြသည်။ လေးရာစုနှစ်တွင် မြောက်ဘက် အိန္ဒိယမှာ ဂုတ္တမင်းဆက်ခေတ်လက်ရေးကို ဂုတ္တလက်ရေး၊ တောင်ဘက် အိန္ဒိယမှာ ကဒံဗမင်းဆက်လက်ရေးကို ကဒံဗလက်ရေး။ ပလ္လဝမင်းဆက်ကို အကြောင်းပြု၍ ပလ္လဝလက်ရေးစသော လက်ရေးအက္ခရာတို့သည်လည်း ဗြာဟ္မီအက္ခရာမှ ဆင်းသက်လာကြသည်။ ရခိုင်ဘက်တွင် ဂုတ္တလက်ရေးနှင့် သက္ကတကျောက်စာများကို ရေးကြသည်ကိုလည်းကောင်း၊ ဟန်လင်းရှိ ပျူတို့ကလည်း ဂုတ္တလက်ရေးဖြင့် ကျောက်စာများရေးခဲ့ကြသည်ကိုလည်းကောင်း တွေ့ရပေသည်။ တစ်ဖန် သရေခေတ္တရာဘက်မှ ပျူတို့ကလည်း ကဒံဗလက်ရေးကိုလည်းကောင်း၊ မဒမပင်လယ်ကွေ့တစ်ဝိုက်က မွန်တို့က ခုနစ်ရာစုလောက်တွင် ပလ္လဝလက်ရေးကို ရေးခဲ့ကြသည် ဆိုပေသည်။

မြန်မာကလည်း ၁၁ရာစု မြန်မာလက်ရေးကိုစတင် အသုံးပြုခဲ့ပြီး မြန်မာလက်ရေးထဲတွင် ကဒံဗနှင့် ပလ္လဝ စာလုံးများ ရောထွေးပါဝင်နေသည်ကို တွေ့ရသည်။ ၁၀၅၈ခုနှစ်တွင် အနော်ရထာမင်း ရေးထိုးသော ဂဝံပတိကျောက်စာ၌ သက္ကတပါဠိရောသောစာဖြင့် ရေးထိုးခြင်း၊ ၁၁၁၃ ခုနှစ်ရေးထိုးသော ရာဇကုမာရ်ကျောက်စာ၌ ပါဠိ၊ ပျူ၊ မွန်၊ မြန်မာစကားလေးမျိုးဖြင့် ရေးထိုးခြင်း၊ ၁၂၆၉ခုနှစ်ရေးထိုးသော မိဖုရားဖွားစောကျောက်စာ၌ မြန်မာစကားဖြင့် ရေးထိုးခြင်းတို့ကို တွေ့ရပေသည်။

မြန်မာရှေးဦးကာလတွင် ပါဠိစာပေကို ဦးစားပေးခဲ့ကြသောကြောင့် စာကြည့်တိုက်ကို ပိဋကတ်တိုက်ဟု ခေါ်ဆိုခဲ့ကြခြင်းဖြစ်၏။ မြန်မာစာပေ ၁၀၅၇ခုနှစ်ကပင် အခြေမြင့် အနေတင့်ခဲ့သောကြောင့် မနူဟာ ပိဋကတ်တိုက်၊ အနော်ရထာ ပိဋကတ်တိုက်၊ ကျစွာမင်းကြီး ပိဋကတ်တိုက်မှ ကုန်းဘောင်ခေတ် သီပေါမင်း ပိဋကတ်တိုက်စာပေ သိုမှီးရာ၊ စာပေဖြန့်ဖြူးရာ ပိဋကတ်တိုက်(စာကြည့်တိုက်)များ ထွန်းကားစည်ပင်ခဲ့ပေသည်။

ပုဂံခေတ်က စာပေတို့ကို ပေရွက်ဖြင့် ရေးသားသော အလေ့အထရှိခဲ့ကြောင်းကို “ဖွားစောကောင်းမှုကို မင်းဝိုင်းကျောက်စာထဲသို့ ထန်းရွက်ပေါ်ရေးပြီးမှ စာမူကွန်းတင်စေသည်”ဟူသော မှတ်တမ်းအရ သိနိုင်လေသည်။ ပိဋကတ်တိုက်၌ ဗဟုသုတရှာဖွေရန် အလှမ်းဝေးသူများ ဘုန်းတော်ကြီးကျောင်းများတွင် ပေစာများ သိုမှီးထားသော “စာတိုက်”ဟု ခေါ်သည့် ဘီးတပ်ကျွန်းသေတ္တာကြီးများမှတစ်ဆင့် စာပေအမွေ ရရှိခံစားနိုင်လေသည်။ ထို့ကြောင့် ရှေးခေတ်ဦးကာလက ကျေးရွာစာကြည့်တိုက်များသည် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းများပင် ဖြစ်ပေသည်။

မင်းဖြစ်စေ၊ မင်း၏ မယ်တော်ဖြစ်စေ၊ ဆွေတော်မျိုးတော်များဖြစ်စေ၊ မှူးမတ်၊ သူဌေး၊ သူကြွယ်ဖြစ်စေ၊ စေတီ၊ ပုထိုး၊ ဂူဘုရား ကျောင်းကန် ဆောက်လုပ်လှူဒါန်းကြသည့်အခါ သီးခြား ပိဋကတ်တိုက် အဆောက်အအုံ ဆောက်လုပ်လှူဒါန်းကြောင်း ပုဂံခေတ်ကျောက်စာများက ဖော်ပြထားကြပေသည်။ ယင်းပုဂံခေတ် ပိဋကတ်တိုက်များ၏ ကုန်ကျစရိတ်သည် သံဃရာမဟုခေါ်သော ဘုန်းတော်ကြီးကျောင်းများကို ဆောက်လုပ်သည့်အခါ ကုန်ကျသောစရိတ်ထက်ပိုမိုကြောင်း ၁၂၇၃ခု၊ ၆၃၅ခုထိုး ရှေးဟောင်းကျောက်စာတစ်ချပ်က သက်သေခံထားလေသည်။ ထိုကျောက်စာ၌ ကျောင်းတစ်ဆောင် ဆောက်သည်တွင် ငွေသားကျပ်ချိန်နှစ်ထောင့်သုံးရာ ကုန်ကျရာဝယ် ပိဋကတ်တစ်စုံကို ပူဇော်ရာ၌ ငွေသားကျပ်ချိန် သုံးထောင်ကုန်ကျသည်ဟု ဖော်ပြထားပေသည်။

ပုဂံနှင့် ညောင်ဦးတို့အကြား ဝက်ကြီးအင်းရွာအနားတွင် ရှေးအခါက တက်နွှဲးချောင်း၊ ယခုအခါ ရွှေချောင်းဟု အမည်တွင်သော ချောင်းကမ်းဘေးရှိ ကုန်းမြင့်ပေါ်တွင် ရှေးအခါက ရွှေကျောင်း၊ တက်နွှဲးကျောင်း ယခုအခါ မြတောင်တိုက်တည်ရှိလေသည်။ ထိုမြတောင်ကျောင်းဝင်းအတွင်း၌ လေးမျက်နှာကျောက်စာတိုင်ကြီးရှိသည်။ ထိုကျောက်စာတိုင်၏ စာသားအရ ၁၄၄၂ခုနှစ်၊ ၈၀၄ခုနှစ်တွင် ဘုရင်ခံမြို့စားဇနီးမောင်နှံတို့သည် အင်းဝနေပြည်တော်မှ ပုဂံသို့လာရောက်၍ ပါဠိတော် ပိဋကတ်အစုံအပြင် သာသနိက ပါဠိစာပေများကရိဏ်းဆိုင်ရာ သက္ကတစာပေ၊ ဗေဒင်၊ နက္ခတ်၊ ဓမ္မသတ်ကျမ်း စသော သင်္ဂြိုဟ်စာပေဟုဆိုအပ်သော စာပေကျမ်းစာအမျိုးအစားသုံးရာနီးပါး ကျောက်စာတွင် စာရင်းအမှတ်အသားနှင့်တကွ လှူဒါန်းခဲ့ကြောင်း ဖော်ပြထားလေသည်။

လက်ဝဲသုန္ဒရ အမတ်ကြီးပေးလှူသော မုံရွေးဇေတဝန်ကျောက်စာ၌လည်းအမတ်ကြီး လယ်၊ ပယ်မြေ၊ ဝတ္ထုကံအပြင် ပိဋကတ်၊ နက္ခတ်ပေစာ၊ ရတု ရကန် ပေစာ၊ ဗေဒင်နှင့် သေနင်္ဗျူဟာ ပုရပိုက်ကျမ်းများကိုပါ လှူဒါန်းခဲ့ကြောင်း ဖော်ပြထားသည်။ ထို့ကြောင့် ရှေးခေတ် ကျေးလက် စာကြည့်တိုက်များဖြစ်သော ဘုန်းတော်ကြီးကျောင်းများတွင် ရှေးခေတ်ကပင်လျှင် စာပေဒါနပြုသူတို့ ပေါ်ပေါက်ခဲ့သည်ဟု သိမှတ်ရပေသည်။

မြန်မာနိုင်ငံ သူ့ကျွန်ဘဝရောက်ရှိပြီးနောက် ဘားနဒ်ပိဋကတ်တိုက် ပေါ်ပေါက်ခဲ့သည်။ ထိုဘားနဒ် ပိဋကတ်တိုက်၌ရှိသော စာအုပ်စာတမ်းများမှာ သီပေါမင်း ပိဋကတ်တိုက်မှ ပေ၊ ပုရပိုက်များဖြစ်ပြီး မြန်မာပိုင်စာပေများကို ဘားနဒ်ပိဋကတ်တိုက်က အချို့ကို လန်ဒန်ရှိ “သည်အင်ဒီးယားအေဖစ်လိုက်ဘာရီ”မှ ယိုးဒယားဘုရင်ထံပေးပို့သည်ဟု မှတ်သားရလေသည်။ ရန်ကုန်ရှိ ဘားနဒ်ပိဋကတ်တိုက်နှင့်ယှဉ်၍ ဖြစ်ထွန်းသော ပိဋကတ်တိုက်မှာ ကင်းဝန်မင်းကြီး ပိဋကတ်တိုက်ဖြစ်ပြီး ပေထုပ်၊ ပုရပိုက် ကျမ်းပေါင်း ၁၃၃၃ဆူရှိကြောင်း သိရပေသည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၂ခုနှစ်တွင် ဂျူဗလီဟောကို ပြောင်း၍ “ပြည်ထောင်စု မြန်မာနိုင်ငံ ပိဋကတ်တိုက်”အမည်ဖြင့် ပြောင်းလဲ၍ ဖွင့်လှစ်ခဲ့သည်။ ၁၉၆၂ခုနှစ်တွင် ပန်းဆိုးတန်းလမ်းကို ပြောင်းရွှေ့ဖွင့်လှစ်ပြီး “အမျိုးသားစာကြည့်တိုက်”အဖြစ်ဖွင့်လှစ်၍ ၁၉၆၅ခုနှစ်တွင် မြို့တော်ခန်းမသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့လေသည်။ ၁၉၅၄ခုနှစ်၌ ရပ်ရွာတို့က ပြုစုပျိုးထောင်သော စာကြည့်တိုက်ပေါင်း သုံးထောင်ကျော်ရှိကြောင်းလည်း မှတ်သားရဖူးပေသည်။ ၁၉၇၂ခုတွင် ပြန်ကြားရေးစာကြည့်တိုက် ၇၄ခုနှင့် ပြည်နယ်၌ ၃၅ခုရှိသည်ဟု သိရပေသည်။

## ခြင်ကျား( မအူပင် )

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို အကောင်အထည်ဖော်ရာတွင် “ကျေးလက်စာကြည့်တိုက်ဖွင့်လှစ်ရေး”နှင့်“ကျေးလက်ဒေသများ မီးလင်းရေး”ကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ခဲ့သည်။ ၂၀၀၄-၂၀၀၅ခုနှစ်မှစ၍ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မြန်မာနိုင်ငံရှိ ကျေးရွာပေါင်း ခြောက်သောင်းကျော်တို့၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ခဲ့ရာ ၂၀၀၆ခုနှစ် ဇွန်လ၁၇ရက်နေ့အထိ အချိန်တိုအတွင်း ကျေးရွာပေါင်း ၅၄၇၀၇ရွာ၌ ထူထောင်ပြီးခဲ့ပြီဖြစ်သည်။ ကျန်ကျေးရွာများမှာ ပြန့်ကြဲနေထိုင်သော၊ အိမ်ခြေနည်းသော ကျေးရွာများသာဖြစ်ကြောင်း တွေ့ရလေသည်။

တိုင်းအလိုက် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပြီးမြောက်ခြင်း အခမ်းအနားများကျင်းပပြီး စာအုပ်နှင့် စာကြည့်တိုက် အထောက်အကူပြု ပစ္စည်းများလှူဒါန်းပွဲများ ကျင်းပနေသည်ကိုလည်း တွေ့မြင်ကြရပါသည်။ မိမိတို့ ဧရာဝတီတိုင်းသည် ၂၀၀၆ခုနှစ် မတ်လ ၇ရက်နေ့တွင် တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ပြီးဖြစ်သဖြင့် ထူထောင်ပြီးစာကြည့်တိုက်များ ရေရှည်တည်တံ့စေရန် စာအုပ်လှူဒါန်းပွဲကို ကျင်းပခဲ့၍ သိန်း၅၀ကျော် လှူဒါန်းခဲ့ပြီးဖြစ်သည်။

ဧရာဝတီတိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့ ဦးဆောင်သောအဖွဲ့က တိုင်းအတွင်းရှိ ဘုန်းကြီးသင်ပညာရေးကျောင်းများသို့ လှည့်လည်ကြည့်ရှု၍ ဆန်၊စာအုပ်နှင့် ငွေသားများ ပေးလှူခဲ့ကြောင်းလည်း တွေ့ရပေသည်။ ဧရာဝတီတိုင်းသည် ယခုအခါ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် ၁၁၈၃၈တိုက် ဖွင့်လှစ်နိုင်ခဲ့သဖြင့် မြန်မာတစ်နိုင်ငံလုံး၏ ငါးပုံတစ်ပုံသော အင်အားဖြစ်သည့် ကျေးရွာစာကြည့်တိုက် ဖွင့်လှစ်သောတိုင်းတစ်တိုင်း ဖြစ်ခဲ့ပေသည်။ ဤမျှ အင်အားရှိသော စာကြည့်တိုက်များ အချိန်တိုအတွင်း ထူထောင်နိုင်ရန် ဒေသတွင်းရှိ ဘုန်းတော်ကြီးများကပါ ပါဝင်ကူညီခဲ့သည်ဟု သိရလေသည်။ ရှေးခေတ်ကျေးရွာစာကြည့်တိုက်များမှာ ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများဖြစ်ရာ ဘုန်းတော်ကြီးများကလည်း ကျေးရွာစာကြည့်တိုက်များထူထောင်ခြင်းသည် စာကြည့်တိုက် ထူထောင်ရေးအတွက် လိုအပ်သောအင်အားဖြစ်ပေသည်။

ဧရာဝတီတိုင်း တိုင်းလုံးကျွတ် ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ဒုတိယအကြိမ် ငွေပဒေသာပင်စိုက်လှူဒါန်းပွဲကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၁ရက်နေ့တွင် ဧရာဝတီတိုင်း ပုသိမ်မြို့ မြို့တော်ခန်းမ၌ကျင်းပခဲ့ပေသည်။ ထိုအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်သူရမြင့်အောင်၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဧရာဝတီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့၊ တပ်မတော်အရာရှိကြီးများ၊ တိုင်းအဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ငွေသားအလှူရှင် ၆၂ဦးတို့က အလှူငွေကျပ် ၁၃၂သိန်းကျော်၊ ၃၀၆၀၃၆၀၀ ကျပ်တန်ဖိုးရှိသော ရုပ်မြင်သံကြားဖမ်းစက် ၁၄၉လုံး၊ ၁၉၁၃၆၀၀၀ကျပ်တန်ဖိုးရှိသော ရေဒီယိုကက်ဆက် ၁၀၄၄လုံး၊စာအုပ်အလှူရှင် ၃၅၀က ကျပ်၆၀၇၅၀၀၀တန်ဖိုးရှိ စာအုပ်စာပေ ၁၂၁၅၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၆၉၀၇၀၅၀၀တို့ လှူဒါန်းခဲ့ကြောင်း သိရလေသည်။

အခမ်းအနားအပြီး၌ တိုင်းမှူးနှင့်ဝန်ကြီးတို့သည် မြို့တော်ခန်းမ အဆောက်အအုံ၌ ဖွင့်လှစ်ထားသော ဧရာဝတီစာကြည့်တိုက်ကို လှည့်လည်စစ်ဆေး၍ လိုအပ်ချက်များကို မှာကြားဖြည့်ဆည်းပေးခဲ့ကြသည်။ ဧရာဝတီစာကြည့်တိုက်တွင် စာအုပ်ပေါင်း ၇၃၀၀ကျော်၊ စီဒီအချပ်ပေါင်း ၈၀၀ကျော်ရှိပြီး အသင်းဝင် အင်အား ၃၀၀၀ကျော်ရှိသည်။ e-Libraryတွင် လူကြီးများအတွက် ကွန်ပျူတာ ၁၀လုံး၊ ကလေးများအတွက် ကွန်ပျူတာ ငါးလုံးတပ်ဆင်ထားပြီး နိုင်ငံတကာနှင့် ဆက်သွယ်နိုင်သည့် အီးမေးလ်နှင့် သတင်းအချက်အလက်များ စုဆောင်းချိတ်ဆက်နိုင်သည့် အင်တာနက်များကိုလည်း အသုံးပြုနိုင်ကြောင်း သိရပေသည်။

တိုင်းမှူးနှင့်ဝန်ကြီးတို့သည် ထိုနေ့ နံနက် ၁၁နာရီတွင် ပုသိမ်မြို့နယ် ကိုးကူးစံပြကျေးရွာ ပညာပဒေသာစာကြည့်တိုက်ကို ရောက်ရှိခဲ့ကြပြီး တိုင်းမှူးနှင့်ဝန်ကြီးတို့က ရုပ်မြင်သံကြားဖမ်းစက်၊ ရေဒီယိုကက်ဆက်နှင့် စာအုပ်၊ စာစောင်များလှူဒါန်းခဲ့ကြောင်း သိရပေသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်လှူဒါန်းပွဲ(၁၉)ကြိမ်ကျင်းပခဲ့ရာ စာအုပ်၊ စာစောင်ပေါင်းနှင့် ရုပ်မြင်သံကြားစက်၊ ရေဒီယိုအပါအဝင် တန်ဖိုးငွေကျပ်သိန်းပေါင်း ၂၁၈၇သိန်းကျော်၊ စာအုပ်စာစောင်ပေါင်း ၂၃သိန်းခန့်နှင့် ငွေသားအလှူငွေကျပ်သိန်း ၁၄၀၀ကျော်တို့ကို အလှူရှင် ၁၆၂၃ဦးတို့က လှူဒါန်းခဲ့ပြီးဖြစ်သည်။ တိုင်းလုံးကျွတ်၊ ပြည်နယ်လုံးကျွတ်ကိုယ့်အားကိုယ်ကိုးကျေးလက်စာကြည့်တိုက်များထူထောင်ပြီးမြောက်ခြင်းအခမ်းအနားများ၌ စာအုပ်လှူဒါန်းပွဲများကျင်းပခြင်း၊ ခရိုင်၊ မြို့နယ်၊ ကျေးရွာတို့၌လည်း စာအုပ်လှူဒါန်းပွဲများ ကျင်းပလျက်ရှိပေသည်။

စတုတ္ထအကြိမ် စာပေညီလာခံကို ၂၀၀၆ခု ဇူလိုင်လ ၁ရက်နှင့် ၂ရက်နေ့များတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ၌ ကျင်းပခဲ့ရာ စာရေးသူသည် စာပေညီလာခံ ကိုယ်စားလှယ်အဖြစ် တက်ရောက်ခွင့်ရရှိခဲ့သည်။ ညီလာခံပထမနေ့တွင် ပြန်ကြားရေး ဝန်ကြီးအား ညီလာခံသို့တက်ရောက်လာသော မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ကိုယ်စားပြု ညီလာခံကိုယ်စားလှယ်များက စာအုပ်စာစောင်တန်ဖိုးနှင့် ငွေသားတန်ဖိုးကျပ် ၄၇၄၇၀၀၀ကို ပေးလှူခဲ့ကြလေသည်။

ယခုအခါ ဧရာဝတီတိုင်း တိုင်းလုံးကျွတ် ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များဖွင့်လှစ်ပြီးစီးမှုအောင်ပွဲနှင့် ငွေပဒေသာပင်စိုက်ထူလှူဒါန်းပွဲ သတင်းကြားရသောအခါ ပီတိအဟုန်များ မုဒိတာပွားမိပေသည်။ ပီတိမှာ ထိုစာအုပ်လှူဒါန်းပွဲ၌ အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်ရသောကြောင့် ဖြစ်ပွားခဲ့ရပြီး မုဒိတာမှာ စာအုပ်လှူဒါန်းပွဲများကို တစ်နိုင်ငံလုံး အမျိုးသားရေးလှုပ်ရှားမှုအသွင်ဖြင့် ဆောင်ရွက်နေသည်ကို မြင်ရကြားရသောကြောင့် ဖြစ်ပွားရခြင်းပေတည်း။

**“စေတနာရှင်၊ အလှူရှင်များ၏ လှူဒါန်းမှုများမှာ ထိရောက်လှပြီး မိမိတို့ နိုင်ငံသည် ကမ္ဘာပေါ်တွင် ပထမဦးဆုံး ကျေးရွာတိုင်း၌ စာကြည့်တိုက်များ တည်ထောင်ဖွင့်လှစ်သည့် နိုင်ငံတစ်နိုင်ငံအဖြစ် ဂုဏ်ယူဝင့်ကြွားနိုင်ပြီဖြစ်ကြောင်း၊ မိမိတို့သည် အမျိုးသားရေး တာဝန်တစ်ရပ်ကို ကျေပွန်အောင် ဆောင်ရွက်နိုင်ပြီဖြစ်၍ ဂုဏ်ယူကြရမှာဖြစ်ကြောင်း၊ ထိုကဲ့သို့ အမျိုးသားရေးတာဝန်ကို ကျေပွန်စွာ ဆောင်ရွက်နိုင်သည်မှာ နိုင်ငံတော်၏အား၊ ဒေသခံပြည်သူတို့၏အား၊ စေတနာရှင် အလှူရှင်များ၏အား အားသုံးအား ပေါင်းစည်းမှုကြောင့် ဖြစ်ကြောင်း”**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဧရာဝတီတိုင်း တိုင်းလုံးကျွတ် ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက် ထူထောင်ပြီးမြောက်ခြင်းနှင့် စာအုပ်လှူဒါန်းပွဲ၌ အထက်ပါအတိုင်း ပြောကြားခဲ့လေသည်။ ဤသို့ ကျေးလက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ခြင်းမှာ အမျိုးသားရေးလှုပ်ရှားမှုနှင့် အမျိုးသားရေးအလင်း ထွန်းညှိပေးခြင်းတစ်ရပ်ဖြစ်ပေသည်။ အမျိုးသားရေးအလင်းဖြင့် မြှုမှောင်ဟုဆိုအပ်သော လှည့်ဖြားမှု၊ လိမ်ညာမှု၊ သွေးဆောင်မှု၊ ခြိမ်းခြောက်မှု၊ မှားယွင်းမှုဟူသည်တို့ကို စာပေမှ ဆင်ခြင်တုံတရားရယူလျက် အမှောင်ကိုခွင်းကြရပေမည်။

ထို့ကြောင့် ထူထောင်ပြီး ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ တည်တံ့ခိုင်မြဲစေရေးအတွက် ရေရှည်လုပ်ငန်းစဉ် ငါးရပ်ဖြစ်သော ကျေးလက်နေပြည်သူများ စာဖတ်ကြစေရန် စည်းရုံးဆောင်ရွက်ရေး၊ ရရှိပြီးစာအုပ်စာစောင်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးနှင့်အသစ်တိုးပွားလာအောင် ငွေပဒေသာပင်စိုက်ထူရေး၊စာကြည့်တိုက် အဆောက်အအုံ မရှိသည့်ကျေးရွာတွင် အဆောက်အအုံဖြစ်လာစေရန် ဆောင်ရွက်ရေး၊ စာကြည့်တိုက်များတွင် လိုအပ်သောစားပွဲ၊ ဗီရို၊ ပရိဘောဂများ စုံလင်စွာ ရှိလာစေရန် ဆောင်ရွက်ရေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာကြည့်တိုက်များကို စနစ်တကျ ထိန်းသိမ်းနိုင်သော ကျွမ်းကျင်သော စာကြည့်တိုက်မှူးများ ရရှိလာအောင် လေ့ကျင့်ပျိုးထောင်သွားရေးတို့ကို ဆောင်ရွက်လျက် အမျိုးသားရေးအလင်းဖြင့် မြှုမှောင်ခွင်းကြပါစို့ဟု နှိုးဆော်ရေးသား လိုက်ရပေသတည်း။ ။

# ကျောက်မျက်ရတနာ ပင်မဈေးကွက်သည် မြန်မာနိုင်ငံဖြစ်ရမည် နိုင်ငံအများအပြားသိရှိပြီး ဈေးကွက်ကျယ်ပြန့်အောင် လုပ်ဆောင် ဥပဒေနှင့်အညီ ဖွံ့ဖြိုးတိုးတက်စေရေး ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဩဂုတ် ၂၀

**မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်သည် ယမန်နေ့ မွန်းလွဲ၂နာရီက နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ နိုင်ငံသား ကျောက်မျက်ရတနာလုပ်ငန်းရှင်များအား တွေ့ဆုံ၍ မြန်မာ့ကျောက် မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးမှာကြားသည်။**(အောက်ပုံ)

**တွေ့ဆုံဆွေးနွေး**

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များ၊ သတ္တုတွင်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ

တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများမှ တာဝန်ရှိများ၊ အထူးဖိတ်ကြားထားသူများနှင့် နိုင်ငံသား ကျောက်မျက်ရတနာ လုပ်ငန်းရှင် ၆၆၇ ဦးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အမှာစကားပြောကြားရာ၌ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းကို ၁၉၇၆ ခုနှစ် ဧပြီ ၁ရက်မှ စတင်ဖွဲ့စည်းခဲ့ပြီး ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ထုတ်လုပ်ရေး၊ ကျောက်မျက်ရတနာ အချောထည် ထုတ်လုပ်ရေးနှင့် ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ခဲ့ကြောင်း၊ နိုင်ငံပိုင် ကျောက်မျက်ရတနာများအား နိုင်ငံတော်က အပြည့်အဝရရှိရေးကို ဦးတည်၍ ဌာနကပင် လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

**လုပ်ငန်းများဆောင်ရွက်**

တပ်မတော်အစိုးရက နိုင်ငံတော်၏ တာဝန်ကို ရယူပြီးနောက်ပိုင်း မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ၁၉၉၅ ခုနှစ် စက်တင်ဘာ ၂၉ ရက်တွင် လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာ နည်းဥပဒေများကို ၁၉၉၅ ခုနှစ် အောက်တိုဘာ၄ရက်တွင်လည်းကောင်း ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား ကျောက်မျက်ရတနာတူးဖော်ထုတ်လုပ်ခြင်း၊ လက်ဝတ်ရတနာ အချောထည်ပြုလုပ်ခြင်း၊ ကျောက်မျက်ရတနာရောင်းဝယ်ခြင်းစသည့် လုပ်ငန်းများတွင် လုပ်ကိုင်ဆောင်ရွက်ရန် ခွင့်ပြုပြီး လုပ်ငန်းများဆောင်ရွက်စေခဲ့ကြောင်း၊ အလားတူ နိုင်ငံတော်က ဦးစီး၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို ၁၉၆၄ခုနှစ် ဒီဇင်ဘာလတွင် ပထမအကြိမ် စတင်ကျင်းပခဲ့ပြီး ယခုအချိန်အထိ ရတနာပြပွဲများ (၆၇)ကြိမ် ကျင်းပပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၀၃ခုနှစ်ကစပြီး ပိုမိုပူးပေါင်း ပါဝင်ဆောင်ရွက်လာကြခြင်းနှင့် ပြပွဲများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် အထူးပင် အောင်မြင်လာသည်ကို တွေ့ရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံသည် ကျောက်မျက်ရတနာအပါအဝင် သယံဇာတပေါကြွယ်ဝသော နိုင်ငံဖြစ်သည့်အတွက် ဤသဘာဝသယံဇာတများကို စနစ်တကျ ထုတ်ယူသုံးစွဲမှသာလျှင် ရေရှည်ထုတ်ယူသုံးစွဲနိုင်မည်ဖြစ်ပြီး နိုင်ငံတော်၏ စီးပွားရေးကိုလည်း တစ်ဖက်တစ်လမ်းက အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ ကျောက်မျက်ရတနာများကို စနစ်တကျထုတ်ယူသုံးစွဲမှု မရှိဘူးဆိုလျှင် သားစဉ်မြေးဆက်တိုင် အကျိုးခံစားခွင့်များ ဆုံးရှုံးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောက်မျက်ရတနာများတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းစသည့် ကိစ္စများတွင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ ဥပဒေများ၊ နည်းဥပဒေများနှင့်အညီ စနစ်တကျ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ကျောက်မျက်ရတနာများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း လုပ်ကွက်ဟောင်းများနှင့် သတ်မှတ်လုပ်ကွက်(အသစ်)များ၊ ဖော်ထုတ်လုပ်ကွက်(အသစ်)များကို ဟန်ချက်ညီညီ စနစ်တကျ ထုတ်လုပ်နိုင်အောင် စီမံဆောင်ရွက်ပေးနေသည့်အတွက် လုပ်ကွက်များ တူးဖော်ခွင့် ရရှိသည့်အခါတွင်လည်း ပေးသွင်းရမည့် အဆိုပြုငွေများသတ်မှတ်ကာလအတွင်း ပေးသွင်းရေး၊ တူးဖော်ရရှိသော ကျောက်မျက်ရတနာများကို ရတနာခွန်ပေးဆောင်ရေးနှင့် ကျောက်မျက်ရတနာပြပွဲများ၌ မပျက်မကွက် တင်ပြရောင်းချနိုင်ရေးကို ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

**ပုလဲအထူးရောင်းချပွဲ**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ၂၀၀၆ခုနှစ် မေ ၂၆ရက်တွင် ၂၀၀၆ ဇွန်၊ ဇူလိုင်လ ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲ အထူးရောင်းချပွဲ ကျင်းပမည့် မြန်မာကွန်ဗင်းရှင်းစင်တာသို့ ရောက်ရှိစဉ် ကျောက်စိမ်း ကျောက်မျက်ရောင်းချပွဲတွင် နိုင်ငံတော်က ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များ၊ လုပ်ကိုင်ခွင့်ချထားပေးသော ပုဂ္ဂလိကကုမ္ပဏီများ၊ နိုင်ငံတော်နှင့်အကျိုးတူပူးပေါင်းလုပ်ကိုင်လျက်ရှိသော ကုမ္ပဏီများအားလုံးက လာရောက်ပြသ ရောင်းချနိုင်ရေးကို သတ္တုတွင်းဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားရန်၊ မရောင်းချနိုင်သောကုမ္ပဏီများအနေဖြင့် မည်သည့်အကြောင်းကြောင့် မရောင်းချနိုင်သည်ကို လေ့လာစိစစ်အဖြေရှာ၍ လိုအပ်သည့် ဆောင်ရွက်မှုများပြုလုပ်သွားရန်၊ ကျောက်စိမ်းများကို အချောထည်ပြုလုပ်၍ တင်ပြရောင်းချနိုင်အောင် အားပေးကူညီသွားရန်။

ကျောက်စိမ်း၊ ကျောက်မျက်အချောထည်များကို နိုင်ငံတကာ ကုန်စည်ပြပွဲများ(Trade Fair)များတွင် သွားရောက်ရောင်းချနိုင်ရေး စီမံဆောင်ရွက်ပေးရန်နှင့် ပြည်ပသို့သွားရောက် ရောင်းချသည့် ကုမ္ပဏီများ ပြန်ရောက်သည့်အခါတွင်လည်း မည်သည့်ပစ္စည်းများ အဝယ်လိုက်သည်၊ မည်သည့်ပစ္စည်းများ အရောင်းနည်းသည်ကို ပြန်လည်စိစစ်သင်ခန်းစာယူ၍ ပိုမိုရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း။

ယင်းမှာကြားချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်နေသကဲ့သို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များကလည်း အလေးအနက်ထား ပူးပေါင်းပါဝင် အကောင်အထည်ဖော် ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း၊ ထုတ်လုပ်ရရှိသော ကျောက်စိမ်း၊ ကျောက်မျက်များကို ကျောက်မျက်ရတနာပြပွဲများ၌ တင်ပြရောင်းချခြင်းမရှိသည့် ကုမ္ပဏီများကိုလည်း ကျောက်မျက်လုပ်ကွက်များ လုပ်ကိုင်ခွင့်ချထားပေးရာတွင် ဦးစားပေးဆောင်ရွက်ပေးမည် မဟုတ်သည့်အကြောင်းတို့ကို အသိပေးလိုကြောင်း။

ထို့အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ရန် ခွင့်ပြုမိန့်ရရှိထားပြီး ကုမ္ပဏီ၊ သမဝါယမအသင်း၊ ပုဂ္ဂိုလ်တို့သည် မိမိတို့ ခွင့်ပြုမိန့်ရရှိထားသော ကျောက်မျက်ရတနာလုပ်ကွက်ကို တရားမဝင်လွှဲပြောင်း လုပ်ကိုင်စေခြင်း မပြုကြရန်ဖြစ်ကြောင်း၊ မြန်မာ့ကျောက်မျက် ရတနာ ဥပဒေပုဒ်မ ၁၆၊ ပုဒ်မခွဲ(င)တွင် လည်း"ရရှိထားသော ခွင့်ပြုမိန့်ကို တစ်ဆင့်ငှားရမ်းခြင်း(သို့မဟုတ်) တစ်နည်းနည်းဖြင့် လွှဲပြောင်းလုပ်ကိုင် စေခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ ယင်းနှင့်ပတ်သက်ပြီး မိမိတို့ ဝန်ကြီးဌာနကလည်း ၁၉၉၉ ခုနှစ် အောက်တိုဘာ ၁ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၂၃/၉၉)ဖြင့် ထပ်မံထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးအတွက်ကိုလည်း ဂရုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သဘာဝပတ်ဝန်းကျင်များဖြစ်သည့် သစ်တောများ ပျက်စီးဆုံးရှုံးခြင်း၊ မြစ်ချောင်းများ တိမ်ကောပျက်စီးခြင်းတို့ မဖြစ်စေရေးအတွက် ချမှတ်ထားသော စည်းမျဉ်း၊ စည်းကမ်းနှင့်အညီ အလေးအနက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

**လိုက်နာဆောင်ရွက်**

ထို့အပြင် ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းလုပ်ငန်းလုပ်သည့်အခါ၌ ဘေးအန္တရာယ်ကင်းရှင်းရန်နှင့် မတော်တဆဖြစ်ပွားမှုများ မဖြစ်ရေး၊ ဝန်ထမ်းများ၊ အလုပ်သမားများ၏ သက်သာချောင်ချိရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ စည်းကမ်းထိန်းသိမ်းရေးစသောကိစ္စရပ်များနှင့် ပတ်သက်၍ ကျောက်မျက်ရတနာ ထုတ်လုပ်ခြင်းအတွက် ခွင့်ပြုမိန့်ရရှိသူများ လိုက်နာ ဆောင်ရွက်ရမည့် အချက်များကိုလည်း မိမိတို့ဝန်ကြီးဌာနက ၁၉၉၉ ခုနှစ် အောက်တိုဘာ ၄ရက်တွင် အမိန့်ကြော်ငြာစာအမှတ်(၁၂၁/၉၉)ဖြင့် ထုတ်ပြန်ထားပြီးဖြစ်၍ လိုက်နာဆောင်ရွက်သွားကြရန်လည်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ကျောက်စိမ်း၊ ပတ္တမြား၊ နီလာစသည့် ကျောက်မျက်ရတနာ ပင်ရင်းသည် မြန်မာနိုင်ငံဖြစ်သည့်အတွက် ကျောက်မျက်ရတနာ ပင်မဈေးကွက်သည် မြန်မာနိုင်ငံပင် ဖြစ်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်မြို့၏ ကျောက်မျက်ရတနာ ပင်ရင်းဈေးကွက်ကို ကမ္ဘာ့နိုင်ငံအများအပြားမှသိရှိပြီး ဈေးကွက်ကြီးမား ကျယ်ပြန့်လာအောင် လုပ်ဆောင်သွားကြရန်၊ ကျောက်မျက်ရတနာလုပ်ငန်းများ ဥပဒေနှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် ဝိုင်းဝန်းကြိုးပမ်းသွားကြရန်၊ နည်းပညာတိုးတက်ထွန်းကားနေသည့် အချိန်ကာလတွင် ကျောက်မျက်ရတနာကိုကုန်ကြမ်းရောင်းခြင်းထက် ကုန်ချောထုတ်လုပ်ရောင်းချသွားကြရန်၊ လက်ဝတ်ရတနာအဖြစ်သာမက စွဲမက်ဖွယ်ရာ အလှအပပစ္စည်းများ၊ ရုပ်တုများ၊ ပန်းချီကားများ၊ အသုံးဆောင်ပစ္စည်းများကိုလည်း တိုးတက်တီထွင် ထုတ်လုပ်ရောင်းချသွားကြရန်၊ ပြည်ပနိုင်ငံများက ထုတ်လုပ်ရောင်းချနေသော ကျောက်မျက်ရတနာများ၊ အလှအပပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၏ ဈေးကွက်ကို မျက်ခြည်မပြတ်လေ့လာပြီး ပြည်တွင်းပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် အချောထည်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကိုလည်း အလေးအနက်ထားဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်း၊ ယခင်က ရန်ကုန်၌လည်း လုပ်ငန်းရှင်ကြီးများနှင့် တစ်နှစ်တစ်ကြိမ် တွေ့ဆုံညှိနှိုင်းခဲ့ကြသည့် အစဉ်အလာရှိခဲ့ကြောင်း၊ ယင်းအစဉ်အလာကို အရှိန်အဟုန်မြှင့်ပြီး နေပြည်တော်၌ အနည်းဆုံးတစ်နှစ်တစ်ကြိမ် တွေ့ဆုံ၍ ရိုးသားပွင့်လင်းစွာဖြင့် အပြန်အလှန် ဆွေးနွေးမေးမြန်းညှိနှိုင်းအဖြေရှာကြကာ နိုင်ငံတော်အကျိုး၊ ပြည်သူအကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်ကြီးများအကျိုးကို မျှမျှတတ ဟန်ချက်ညီညီ တိုးတက်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသွားသည်။

ထို့နောက် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးဦးသိန်းဆွေက နိုင်ငံသားကျောက်မျက်ရတနာ လုပ်ငန်းရှင်များအား လုပ်ကွက်ချထားခြင်း၊ ပြပွဲခင်းကျင်းပြသရောင်းချခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**အကြံပြုဆွေးနွေး**

ဆက်လက်၍ တက်ရောက်လာကြသည့် နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များက မြန်မာ့ကျောက်မျက်ရတနာလုပ်ငန်းများ ဖွံ့ဖြိုးတိုး တက်ရေးနှင့် စပ်လျဉ်း၍ အကြံပြုဆွေးနွေးတင်ပြကြသည်။

အကြံပြုဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီဝင်များက ပြန်လည်ရှင်းလင်းပြောကြားကြပြီး နိုင်ငံသားကျောက်မျက်ရတနာလုပ်ငန်းရှင်များ၏ လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကြသည်။

ယင်းနောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က နိဂုံးချုပ်အမှာစကားပြောကြားကာ တွေ့ဆုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် ဝန်ကြီးဗိုလ်မှူးချုပ်အုန်းမြင့်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(သတင်းစဉ်)**

**ဦးညွန့်ဝေ–ဒေါ်အေးကြည် တို့အားရည်စူး၍ မကွေးတိုင်း စလင်းမြို့ ပေါင်းပင်ဇင်းရပ် ရွှေစေတီလမ်း အမှတ်(၁၅)နေ သားသမီးများဖြစ်သော ဦးမင်းအောင်–(ဒေါ်ပုစိန်)၊ ဒေါ်ခင်ခင်၊ ဦးဇော်လင်း– ဒေါ်လှဲ့လှဲ့ဝင်းမိသားစု တို့က ဒဂုံမြို့နယ် အမှတ်၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူငွေကျပ် နှစ်သိန်းကို ပိဋကနှစ်ပုံခွဲဆောင် ဆရာတော်ဘဒ္ဒန္တသီလာစာရထံ ရေစက်ချ အနုမောဒနာတရား နာယူပြီး တိ=နိ(ရန်ကုန်ဌာန)ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတရ ဆင်မင်း ဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)

# ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဝါတွင်းကာလ ၁၀ရက်တရားစခန်း ဖွင့်မည်

**ရန်ကုန် ဩဂုတ် ၂၀**

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ဓမ္မရက္ခိတဖြူးမဟာစည်သာသနာ့ရိပ်သာ၌ ဘဒ္ဒန္တ နရပတိ (သာသနဓဇဓမ္မာစရိယ၊ ဓမ္မကထိက ဗဟုဇနဟိတဓရ) ဖြူးဆရာတော်ကြီးကိုယ်တိုင် မဟာစည် သတိပဋ္ဌာန်ဝိပဿနာ တရားတော်များကို ၁၃၆၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၁ရက် စက်တင်ဘာ ၇ရက် (ကြာသပတေး)နေ့မှ ၁၃၆၈ခုနှစ် တော်သလင်းလပြည့်ကျော် ၁၀ရက်၊ စက်တင်ဘာ ၁၆ရက်(စနေနေ့)အထိ ၁၀ရက်တိုင်တိုင် ဟောပြောပြသ ပို့ချသင်ကြားမည်ဖြစ်သည်။ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရားတော်များကို ပွားများအားထုတ်လိုသော ယောဂီများသည် စက်တင်ဘာ ၆ရက်(ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီ အရောက် မိမိတို့အိပ်ရာလိပ်နှင့် မှတ်ပုံတင်ကတ်ပြားပါ တစ်ပါတည်း ယူဆောင်လာကြရမည်ဖြစ်သည်။

**ဆက်သွယ်နိုင်**

တရားစခန်းဝင်လိုသော ယောဂီများနှင့်ဆွမ်းစသည်လှူဒါန်းလိုသော အလှူရှင်များသည် ရိပ်သာဖုန်း–၅၃၀၀၆၈၊ ၅၀၁၈၄၆ (လိုင်းခွဲ–၁၈၁)၊ ၀၉ ၅၀ ၁၇၅၅၄တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

# (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၆ခုနှစ် (၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် ဘော်လီဘောပြိုင်ပွဲများကို ယနေ့နံနက်၈နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားရုံတွင်ဆက်လက်ကျင်းပရာ အမျိုးသမီး(က)အုပ်စုပွဲစဉ်တွင် မွန်ပြည်နယ်က ဧရာဝတီတိုင်းကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ (ခ)အုပ်စုတွင် ယမန်နှစ်ချန်ပီယံ မန္တလေးတိုင်းက ရခိုင်ပြည်နယ်ကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ (ဂ)အုပ်စု ပွဲစဉ်တွင် မကွေးတိုင်းက ပဲခူးတိုင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိသွားသည်။ အမျိုးသမီးပြိုင်ပွဲများတွင် (က)အုပ်စုမှ မွန်ပြည်နယ်၊ (ခ)အုပ်စုမှ မန္တလေးတိုင်း၊ (ဂ)အုပ်စုမှ မကွေးတိုင်းနှင့် (ဃ)အုပ်စုမှ ရန်ကုန်တိုင်းအသင်းတို့သည် နှစ်ပွဲစီနိုင်ဖြင့် အုပ်စုပထမရရှိကြပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

**အနိုင်ရရှိ**

အမျိုးသားပြိုင်ပွဲ (ဂ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က ကချင်ပြည်နယ်ကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း၊ (ဃ)အုပ်စုတွင် လက်ရှိချန်ပီယံ မန္တလေးတိုင်းက ပဲခူးတိုင်းကို သုံးပွဲ-ပွဲမရှိဖြင့်လည်းကောင်း၊ (က)အုပ်စုတွင် ရခိုင်ပြည်နယ်က ကရင်ပြည်နယ်ကို သုံးပွဲ-ပွဲမရှိဖြင့် လည်းကောင်း အသီးသီးအနိုင်ရရှိကြသည်။

**တက်ရောက်**

အမျိုးသားပြိုင်ပွဲတွင် (က)အုပ်စုမှ ရန်ကုန်တိုင်းက နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ ရခိုင်ပြည်နယ်က တစ်ပွဲနိုင်၊ တစ်ပွဲရှုံးဖြင့် အုပ်စုဒုတိယ၊ (ခ)အုပ်စုတွင် စစ်ကိုင်းတိုင်းက နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ (ဂ)အုပ်စုတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)က နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမ၊ (ဃ)အုပ်စုတွင် လက်ရှိချန်ပီယံမန္တလေးတိုင်းက နှစ်ပွဲနိုင်ဖြင့် အုပ်စုပထမရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားကြသည်။

ဩဂုတ်၂၁ရက်**(ယနေ့)**နံနက် ၈နာရီမှ စတင်၍ ကျန်ရှိသည့်အုပ်စုတွင်းပြိုင်ပွဲများ ဆက်လက်ကျင်းပမည်ဖြစ်ရာ ဘော်လီဘောဝါသနာရှင်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။**(မြန်မာ့အလင်း)**

**သတင်းမှတ်စုနှင့် ဓာတ်ပုံ**

**သိန်းဝင်းလေး(မြန်မာ့အလင်း)**

(၃၆)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အသက်(၂၅)နှစ်အောက် ဘော်လီဘော ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ၌ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကချင်ပြည်နယ်အသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။ (မြန်မာ့အလင်း)

## ဓမ္မဒူတတောရရိပ်သာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဩဂုတ် ၂၀

ပဲခူးမြို့ ဆယ်မိုင်ကုန်း ဓမ္မဒူတတောရရိပ်သာ၌ ခုနစ်ရက် တရားစခန်းပွဲကို စက်တင်ဘာ ၁ ရက်မှ ၇ ရက်အထိ ဓမ္မဒူတဆရာတော် ဒေါက်တာ အရှင်ပညိဿရ ကိုယ်တိုင်ဟောကြားပြသမည်ဖြစ်သည်။ တရားအားထုတ်လိုသော ယောဂီများသည် ဩဂုတ် ၃၁ ရက် ညနေအရောက်လာကြရန်နှင့် ကြိုတင်စာရင်းပေးသွင်းလိုပါက ရိပ်သာဖုန်း-၀၅၂-၂၄၅၅၀၊ ၀၉-၅၁၀၄၆၆၉၊ ကိုကျော်ခိုင်(ပဲခူး) ၀၅၂-၂၃၂၆၃ နှင့် ကိုကျော်သန်း(ရန်ကုန်) ၀၉-၅၀၁၇၂၉၄ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

## ဓာတ်ပုံပြိုင်ပွဲဖိတ်ခေါ်

ရန်ကုန် ဩဂုတ် ၂၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန စိုက်ပျိုးရေး စီမံကိန်းဦးစီးဌာန၏ လယ်ယာစီးပွား သတင်းနှင့်မြန်မာနိုင်ငံဓာတ်ပုံအသင်းတို့ ပူးတွဲကျင်းပမည့် ၂၀၀၆ ခုနှစ် **"သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက်"** ခေါင်းစဉ်ဖြင့် ၁၀လက်မ X ၁၄ လက်မ အရွယ် ဆေးရောင်စုံဓာတ်ပုံပြိုင်ပွဲကို ကျင်းပမည်ဖြစ်ရာ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီး ပြိုင်ပွဲဝင် ဓာတ်ပုံများကို စက်တင်ဘာ၃၀ရက် (စနေနေ့) ညနေ၄နာရီ နောက်ဆုံးထားပေးပို့ရန်နှင့် အသေးစိတ် စည်းကမ်းချက်များကို မြန်မာနိုင်ငံ ဓာတ်ပုံအသင်း အမှတ် ၂၇/၂၉၊ ၃၅ လမ်း (အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၌ လာရောက်ထုတ်ယူနိုင်ကြောင်း ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိခင်နို့တိုက်ကျွေးရေး သိကောင်းစရာဟောပြော

ရန်ကုန် ဩဂုတ် ၂၀

တရားရုံးချုပ်(မန္တလေး) မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့တို့က ကြီးမှူး၍ ၂၀၀၆ ခုနှစ် ကမ္ဘာ့မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ် ၄ ရက် နံနက် ၁၀ နာရီက တရားရုံးချုပ်(မန္တလေး) သင်တန်းခန်းမ၌ ကျင်းပရာ မိခင်နို့ စနစ်တကျ တိုက်ကျွေးရေးအကြောင်း သိကောင်းစရာများကို မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး မွေးကင်းစဌာန တာဝန်ခံကလေးအထူးကု ဒေါက်တာ နီလာအောင်က ဟောပြောပို့ချသည်။**(အပေါ်ပုံ)**

**တက်ရောက်**

ယင်းအခမ်းအနားသို့ တရားရုံးချုပ်(မန္တလေး) မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲမှ တာဝန်ရှိသူများနှင့် အသင်းဝင် ၅၁ ဦးနှင့် တရားရုံးချုပ်(မန္တလေး)အမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူများနှင့် အသင်းဝင် ၃၇ ဦးတို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## အင်းစိန်ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

အင်းစိန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို ယနေ့မွန်းတည့် ၁၂နာရီက မြို့နယ်အသင်းအစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ရန်ကုန်မြောက်ပိုင်းခရိုင်တာဝန်ခံ ဦးတင်မောင်ဝင်း၊ ခရိုင်အသင်းအတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ မြို့နယ်ဥက္ကဋ္ဌ ဦးအောင်ရွှေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးတင့်လွင်နှင့် အလုပ်အမှုဆောင်များ၊ အသင်းသူ အသင်းသားများ၊ ထူးချွန်ဆုရရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

**ရှင်းလင်း**

အခမ်းအနားတွင် သဘာပတိအဖြစ် တိုင်းအလုပ်အမှုဆောင် ဦးဆွေအောင်၊ အဖွဲ့ဝင်များအဖြစ် မြို့နယ်အလုပ်အမှုဆောင် ဦးဝင်းနိုင်နှင့် ရပ်ကွက်စည်းရုံးရေးမှူး ဒေါ်ခင်ဆွေတို့ကဆောင်ရွက်ကြပြီး မြို့နယ်အသင်း၏ တစ်နှစ်တာလုပ်ငန်းစဉ်များအား မြို့နယ်အသင်း တွဲဖက်အတွင်းရေးမှူး ဦးဇော်မြင့်က ဖတ်ကြားတင်ပြပြီး ရပ်ကွက်အသင်းများမှ အစီရင်ခံစာပါ ရေးရာအလိုက် အကြံပြုစာများအား တင်သွင်းကြရာ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့က ပြန်လည်ရှင်းလင်း ပြောကြားသည်။

**ဆုချီးမြှင့်**

ယင်းနောက် သင်တန်းများတွင် ထူးချွန်ဆုရရှိသူများ၊ လှုပ်ရှားမှုအကောင်းဆုံးရပ်ကွက်များအား ဆုများချီးမြှင့်ခြင်းနှင့် ရပ်ကွက် ၂၁ ရပ်ကွက်အတွက် အသင်းဝတ်စုံ၂၀၀ ထောက်ပံ့ချီးမြှင့်ကြောင်းသိရသည်။**(ကြံ့ခိုင်ဖွံ့ဖြိုးရေး)**

## မြန်မာ့အလင်း စာတည်းထံပေးစာများ

**စာတည်းထံပေးစာ ပေးပို့လိုပါက အမည်၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသား၍ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ ပူးတွဲကာ စာတည်းထံပေးစာကဏ္ဍ၊ မြန်မာ့အလင်းသတင်းစာတိုက်၊ အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပြီး ပေးပို့နိုင်ပါသည်။ ။**

### တောင်ဥက္ကလာပ အမက(၁)ကျောင်းရှေ့အမှိုက်ပုံ ဖယ်ရှားပေးပါ

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် (၄)ရပ်ကွက် အမက(၁)ကျောင်းရှေ့လမ်းဘေး အမှိုက်ပုံကြီးမှ အနံ့ဆိုးများကြောင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်လျက်ရှိပါသည်။ ယင်းအမှိုက်ပုံကြီးကို ဖယ်ရှားပြီး သီးခြား နေရာသတ်မှတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ကျောင်းသားမိဘတစ်ဦး**

### ရပ်ကွက်အတွင်းက သစ်စက်သံ နားမခံသာ

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် အမှတ်(၈၈)ရပ်ကွက် ငွေစင်ယော်လမ်းရှိ သစ်စက်တစ်စက်မှ ရွှေပေါ်ထိုးစက်သံများ၊ လွှတိုက်သံများကြောင့် ပတ်ဝန်းကျင်ရှိနေထိုင်သူများ နားမခံသာဖြစ်ပြီး နေ့စဉ်နှင့်အမျှ စိတ်အနှောင့်အယှက်ဖြစ်နေရပါသည်။ အဆိုပါသစ်စက်အား လိုအပ်သလိုကြပ်မတ်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒဂုံမြို့သစ်သား**

### အမွှေးတိုင်လုပ်ငန်းမှအနံ့ ပတ်ဝန်းကျင်မခံနိုင်

**စာတည်းခင်ဗျား-**

မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီမြို့သစ် ကျန်စစ်သားလမ်းထိပ်ရှိ အမွှေးတိုင်လုပ်ငန်းတစ်ခုမှ စူးရှသောအနံ့ကြောင့် ရင်ကျပ်ပန်းနာရှိသူများနှင့် ရပ်ကွက်နေပြည်သူများ ကျန်းမာရေး ထိခိုက်နေရပါသည်။ အဆိုပါလုပ်ငန်းအား သင့်တော်ရာနေရာသို့ ပြောင်းရွှေ့နိုင်ရေး စီစဉ် ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**လမ်းသူလမ်းသားများ**

### ဇေယျာလမ်းရေနုတ်မြောင်း မွမ်းမံတူးဖော်ပေးစေလို

**စာတည်းခင်ဗျား-**

တောင်ဥက္ကလာပမြို့နယ် (၁၀)ရပ်ကွက်ဇေယျာလမ်းမကြီးတစ်လျှောက်ရှိ လမ်းဘေးဝဲယာ ရေမြောင်းတွင် မြက်ပင်များ၊ အမှိုက်များ ပိတ်ဆို့နေပါသည်။ မိုးများသောအခါ လမ်းပေါ်တွင် ရေတင်သည့်အပြင် နေအိမ်များအတွင်းသို့လည်း ရေဝင်လေ့ရှိရာ ဇေယျာလမ်းတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းအား မွမ်းမံတူးဖော်ပေးပါရန် တင်ပြအပ်ပါသည်။

**တောင်ဥက္ကလာပသား**

### ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ပေးပါ

**စာတည်းရှင့်-**

အင်းစိန်မြို့နယ် ရွာမအရှေ့ သီရိမင်္ဂလာလမ်းသွယ် (၁၃)ရှိ အိမ်တစ်အိမ်သည် စည်းရိုးခတ်ပိတ်ထားသဖြင့် ရေစီးဆင်းမှုပိတ်ဆို့ပြီး ရေအိုင်လျက်ရှိပါသည်။**(အောက်ပုံ)** ရပ်ကွက်တွင်းနေထိုင်သူများ သွားလာရေး ခက်ခဲလျက်ရှိသဖြင့် ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သူ**

### ဈေးရုံ၌ ဈေးရောင်းစေချင်

**စာတည်းခင်ဗျား-**

ဒဂုံမြို့သစ်(မြောက်ပိုင်း) ၃၄နှင့် ၄၁ရပ်ကွက်ကြားရှိ တပင်ရွှေထီးလမ်းမပေါ်တွင် ယာယီဆိုင်ခန်းများ ခင်းကျင်း ရောင်းချနေမှုကြောင့် ကားများ၊ စက်ဘီးများ၊ ဆိုက်ကားများနှင့် ခြေကျင်သွားသူများ ခက်ခဲစွာ ရှောင်တိမ်း သွားလာနေရပါသဖြင့် အဆိုပါဆိုင်ခန်းများအား သတ်မှတ်ဈေးရုံအတွင်း ပြောင်းရွှေ့ပေးပါရန် တင်ပြအပ်ပါသည်။ **တပင်ရွှေထီးလမ်းသား**

### ကတ္တရာလမ်းပြုပြင်ပေးပါ

**စာတည်းခင်ဗျား-**

ကချင်ပြည်နယ် နမ္မတီးမြို့ရှိ စည်ပင်သာယာဈေးရှေ့ လမ်းမှာ ပျက်စီးလျက်ရှိသဖြင့် ပြုပြင်မွမ်းမံပေးပါရန် တင်ပြအပ်ပါသည်။

**နမ္မတီးမြို့သား**

### အမှိုက်စွန့်ပစ်မှု စနစ်တကျဆောင်ရွက်ပြီး

၁၇-၇-၂၀၀၆ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ **လသာမြို့နယ် ၂၄လမ်းအထက် သိမ်ကြီးဈေး(ဃ)ရုံ အမှိုက်စွန့်ပစ်မှု စနစ်တကျဖြစ်စေချင်** ခေါင်းစဉ်နှင့်ပတ်သက်၍ ရှင်းလင်းဆောင်ရွက်ပြီးစီးကြောင်း ဖော်ပြအပ်ပါသည်။ **ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

# ယခင်ကမ္ဘာ့နံပါတ်တစ် တင်းနစ်မယ် ဟင်းဂစ် မွန်ထရီယယ်ဖလား ဆွတ်ခူးရန်ချိန်ရွယ်

မွန်ထရီရယ် ဩဂုတ် ၂၀

**ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်သည် အမျိုးသမီး မွန်ထရီယယ်ဖလား တင်းနစ်ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အဆင့် သတ်မှတ်ချက်အဆင့် နံပါတ်(၄)ရှိ ရုရှားနိုင်ငံသူ ကွက်ဇ်ညက်ဆိုဗာအား ၇–၆၊ ၆–၃ ဖြင့် အနိုင်ရပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။**



**အကြိုဗိုလ်လုပွဲသို့တက်ရောက်သွားသည့် ဆွစ်ဇာလန်နိုင်ငံသူ မာတီနာဟင်းဂစ်၏ အားမာန်ပါသော ရိုက်ချက်။**

ဟင်းဂစ်သည် မွန်ထရီယယ်ဖလားကို နှစ်ကြိမ်တိုင် ဆွတ်ခူးခဲ့ဖူးသည့် ချန်ပီယံဟောင်းဖြစ်သည်။ သူမသည် ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမားဟောင်းလည်း ဖြစ်သည်။

## တက်ရောက်

ဟင်းဂစ်သည် အကြိုဗိုလ်လုပွဲတွင် အင်နာချာဗက်တာဗီနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ထိုအတော အတွင်း ရုရှားမှ ဒီနာဆာဖီနာသည် ဩစတြေးလျနိုင်ငံသူ နီကိုလေပရက်စ်ကို ၆–၁၊ ၆–၀ ဖြင့်နိုင်ပြီး နောက်ဆုံးလေးဦးပြိုင်ပွဲသို့ တက်ရောက်လာသည်။

## ယှဉ်ပြိုင်

ဆာဖီနာသည် ဆလိုဗေးနီးယား နိုင်ငံသူ ဆရီဘွန်နစ်အား ၆–၄၊၆–၄ ဖြင့် နိုင်ပြီး အကြိုဗိုလ်လုပွဲသို့ တက်ရောက်နိုင်ခဲ့သူ ဆားဘီးယားနှင့် မွန်တီနီဂရိုးနိုင်ငံသူ အနာအီဗန်ဒိုဗစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

## ဆွတ်ခူးနိုင်ခဲ့

မာတီနာဟင်းဂစ်သည် အဆိုပါ မွန်ထရီယယ်ဖလားကို ၁၉၉၉ ခုနှစ်နှင့် ၂၀၀၀ပြည့်နှစ်က ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

# ကမ္ဘာ့ပြေးခုန်ပစ် ဂျူနီယာချန်ပီယံပြိုင်ပွဲ စံချိန်ရှင်များ

ရေးသားတင်ပြသူ
မြင့်မောင်စိုး

ပေကျင်း ဩဂုတ် ၂၀

**(၁၁)ကြိမ်မြောက် အိုင်အေအေအက်ဖ် ကမ္ဘာ့ပြေးခုန်ပစ် ဂျူနီယာချန်ပီယံရှစ်ပြိုင်ပွဲကို ဩဂုတ်၁၉ ရက်က တရုတ်နိုင်ငံ ပေကျင်းမြို့၌ ကျင်းပခဲ့သည်။**

အဆိုပါ ပြေးခုန်ပစ်အားကစားပြိုင်ပွဲ အမျိုးသားမီတာ ၃၀၀၀ အခက်အခဲအတားအဆီးများကို ကျော်ဖြတ်ပြေးလွှားရသော steeplechase ပြိုင်ပွဲတွင် ကင်ညာနိုင်ငံမှ ပွတ်တိုကိုမန်က ၈း၁၄ဒသမ၀၀ မိနစ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

## ဆွတ်ခူး

ယင်းပြိုင်ပွဲတွင် ဘာရိန်းမှ တာဟာက ၈း၁၆ ဒသမ ၆၄ မိနစ်ဖြင့် ဒုတိယငွေတံဆိပ် ဆွတ်ခူးပြီး မော်ရိုကိုမှကီပလာဂတ်က ၈း၁၈ ဒသမ ၁၁ မိနစ်ဖြင့်တတိယကြေးတံဆိပ် ဆွတ်ခူးသွားသည်။

## အလျားခုန်ပြိုင်ပွဲ

အဆိုပါ ပြေးခုန်ပစ်ပြိုင်ပွဲတွင် အမျိုးသမီးအလျားခုန် ပြိုင်ပွဲ၌ ထရီနီဒက်နှင့်တိုဘာဂိုနိုင်ငံမှ ရွှန်ဒါ၀က်ကင်းစ်က ၆ ဒသမ ၄၆မီတာ ခုန်နိုင်ပြီး ရွှေတံဆိပ်ဆုကို ထိုက်တန်စွာ ဆွတ်ခူးနိုင်ခဲ့သည်။

## တုတ်ထောက်ခုန်

ယင်းပြေးခုန်ပစ် အားကစားပြိုင်ပွဲ၏ အမျိုးသား တုတ်ထောက်ခုန်ပြိုင်ပွဲတွင် အာဂျင်တီးနားနိုင်ငံမှ ချာယာရာဗီကလီယိုက ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ **(အပေါ်ပုံ)**

၎င်းသည် အမြင့်မီတာ ၅ ဒသမ ၇၁ ခုန်နိုင်ကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

**မီတာ ၃၀၀၀ ပြေးပွဲတွင် ပွတ်တိုကိုမန်**(လယ်)၊ **တာဟာ**(ဝဲ)**နှင့် ကီပလာဂတ်တို့၏ ပန်းဝင်ခါနီး အခြေအနေ။**



# ဘွန်ဒက်စ်လီဂါပွဲစဉ်(၂) အနိုင်အရှုံး

**ဟာသာဘာလင် ဩဂုတ် ၂၀**

ဂျာမနီ ဘွန်ဒက်စ်လီဂါ ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၂) ပြိုင်ပွဲများကို ဩဂုတ်၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့ကြရာ ပြိုင်ပွဲဝင်အသင်းများ၏ အနိုင်အရှုံးမှာ အောက်ပါအတိုင်း ဖြစ်သည်။

| | | | | |
|---|---|---|---|---|
| **နုရင်ဘတ်** | ၁ | – | ၀ | **မိုချင်ဂလက်ဘတ်** |
| **ဝါဒါဘရီမင်** | ၂ | – | ၁ | **လေဗာကူဆင်** |
| **ဟာသာဘာလင်** | ၄ | – | ၀ | **ဟန်နိုဗာ** |
| **ဒေါ့မွန်** | ၁ | – | ၁ | **မိန့်ဇ်** |
| **ဖရန့်ဖတ်** | ၀ | – | ၀ | **ဝုဖ်ဘတ်** |
| **အာချန်** | ၀ | – | ၁ | **ရှော်လ်ကေး** |
| **ကောဘတ်စ်** | ၂ | – | ၂ | **ဟမ်းဘတ်** |

(အင်တာနက်)

# ကမ္ဘာတစ်လွှား အားကစား

စုစည်းတင်ပြသူ
မောင်မောင်မြင့်ဆွေ

ကင်မရွန်း နည်းပြသစ် အရီဟမ်း။

## ကင်မရွန်းအသင်း နည်းပြသစ်အဖြစ် ဟော်လန်နိုင်ငံသား အရီဟမ်းအား ခန့်အပ်ပြီ

လန်ဒန် ဩဂုတ် ၂၀

**အာဖရိကနာမည်ကြီးဘောလုံးအသင်းဖြစ်သည့် ကင်မရွန်းအသင်း၏ နည်းပြသစ်အဖြစ် ဟော်လန်နိုင်ငံသား အရီဟမ်းအား ခန့်အပ်လိုက်ပြီဖြစ်ကြောင်း ကင်မရွန်းဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်လိုက်သည်။**

အသက် ၅၇ နှစ်အရွယ်ရှိ အရီဟမ်းသည် ပေါ်တူဂီကလပ် အာသာဂျော့ နည်းပြအဖြစ်မှ ပြီးခဲ့သည့် မတ်လက နုတ်ထွက်ခဲ့သူဖြစ်သည်။

### ကိုင်တွယ်မည်

အရီဟမ်း အနေဖြင့် ကင်မရွန်း ဘောလုံးအသင်းအား ပြည်တွင်းနည်းပြများဖြစ်သည့် ဂျူလက်စ်ဖရီဒီရစ်နွန်ဂါနှင့် သောမတ်အင်ကိုနိုတို့နှင့်အတူ ပူးတွဲကာ ကင်မရွန်းအသင်းအား ကိုင်တွယ်သွားမည် ဖြစ်သည်။ ထို့အတူ ကင်မရွန်း တင်းနစ်အားကစားသမားဟောင်းတစ်ဦးဖြစ်သည့် ယန်နစ်နော့ကလည်း ကင်မရွန်း ဘောလုံးအသင်းအကြံပေးပုဂ္ဂိုလ်အဖြစ် ကူညီဆောင်ရွက်ပေးမည် ဖြစ်သည်။

### ပါဝင်ကစားခဲ့

အရီဟမ်းသည် အေဂျက်၊အင်ဒါလက်ချ်နှင့် ပီအက်စ်ဗွီ ကလပ်တို့တွင် ပါဝင်ကစားခဲ့သူတစ်ဦးဖြစ်ပြီး ထိုကလပ်အသင်းများ၌ အသင်းခေါင်းဆောင်အဖြစ် စုစုပေါင်း ၃၅ပွဲ ပါဝင်ကစားခဲ့သူ ဖြစ်သည်။

### ပထမဆုံး

အရီဟမ်းသည် ကင်မရွန်းအသင်းနည်းပြအဖြစ် ၂၀၀၈အာဖရိကဖလားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် ရဝမ်ဒါအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့်ပွဲမှာ သူ၏ ကင်မရွန်းနည်းပြအဖြစ် ပထမဆုံး ကြုံတွေ့ရမည့်ပွဲဖြစ်သည်။

ကင်မရွန်းအသင်းသည် ၂၀၀၈ အာဖရိကဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဖြစ် အုပ်စု(င)တွင် လိုင်ဘေးရီးယားနှင့်ရဝမ်ဒါတို့နှင့်တစ်အုပ်စုတည်း ကျနေသည်။ **(အင်တာနက်)**

# ရှက်ဖီးနှင့်ပွဲတွင် လီဗာပူးမှ ရစ်ဆီ ခြေထောက်ဒဏ်ရာရခဲ့

လန်ဒန် ဩဂုတ် ၂၀

**ပရီမီယာလိဂ်အဖွင့် ပွဲစဉ်အဖြစ် ရှက်ဖီးယူနိုက်တက်နှင့် လီဗာပူးတို့ ဩဂုတ်၁၉ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် ပွဲတွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့ရာ ၎င်းပွဲတွင် လီဗာပူးမှ ရစ်ဆီ ခြေထောက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။**

နော်ဝေကစားသမားနှင့် လီဗာပူး နောက်တန်း ဝဲအစွန်ခံစစ်မှူး ရစ်ဆီသည် ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့သော်လည်း အရိုးကျိုးခြင်းမဟုတ်ကြောင်း၊ မကြာမီဒဏ်ရာသက်သာမည်ဟု မျှော်လင့်ကြောင်း လီဗာပူးနည်းပြ ဘင်နီတက်ဇ်က ပြောကြားလိုက်သည်။

### သက်သာဖွယ်မရှိ

ဂျွန်အာနေ ရစ်ဆီ၏ ဒဏ်ရာသည် ဘင်နီတက်ဇ် ခန့်မှန်းသလို သက်သာဖွယ်မရှိကြောင်း၊ လာမည့်ပရီမီယာလိဂ်ပွဲစဉ်အချို့နှင့် လွဲနိုင်ဖွယ်ရှိကြောင်း လီဗာပူးကလပ်ဆေးအဖွဲ့က သုံးသပ်ထားသည်။ **(အင်တာနက်)**

**ဒဏ်ရာရရှိသွားသည့် လီဗာပူးအသင်းမှ ရစ်ဆီ**

**ရှက်ဖီးကလပ်မှ ဂျာဂယ်ကာ**

### ရှက်ဖီးကလပ်က ဂျာဂယ်ကာအား သုံးနှစ်ထပ်မံစာချုပ်

တန်းတက် ရှက်ဖီးယူနိုက်တက်သည် စာချုပ်သက်တမ်းကုန်ဆုံးတော့မည့် ကွင်းလယ်ကစားသမား ဂျာဂယ်ကာအား နောက်ထပ်သုံးနှစ်စာချုပ် ထပ်မံချုပ်ဆိုလိုက်သည်။

အသက် ၂၄နှစ်အရွယ်ရှိ ဂျာဂယ်ကာ၏ စာချုပ်သစ်အရ၂၀၀၉ခုနှစ်အထိ ရှက်ဖီးတွင်ရှိနေမည် ဖြစ်သည်။

ထို့အတူ ရှက်ဖီးကွင်းလယ်ကစားသမား စတီဖင်ကွင်းနှင့် အခြားဘောလုံးသမားများဖြစ်သော မိုက်ကယ်တွန်ဂီ၊ ခရစ်အမ်စတုန်းနှင့် ဘရွမ်ဘိုင်တို့လည်း စာချုပ်အသစ်များ ထပ်မံချုပ်ဆိုလိုက်ကြသည်။ **(အင်တာနက်)**

# လိုင်ယွန်မှ ဒိုင်အာရာ ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့

**လန်ဒန် ဩဂုတ် ၂၀**

လိုင်ယွန်ကလပ်မှ ကွင်းလယ်ဘောလုံးသမား မဟာမာဒူဒိုင်အာရာသည် စပိန်ကလပ် ရီးရဲမက်ဒရစ်သို့ ပြောင်းရွှေ့ရေး လိုင်ယွန်နှင့် ရီးရဲမက်ဒရစ်တို့ သဘောတူညီလိုက် ကြပြီဖြစ်သည်။

သဘောတူချက်အရ ရီးရဲမက်ဒရစ်က ပေါင် ၁၇သန်းပေးရကြောင်း သတင်းတစ်ရပ်၌ ဖော်ပြထားသည်။ အသက် ၂၅နှစ်အရွယ် မာလီကွင်းလယ်ကစားသမားနှင့် လိုင်ယွန်ကွင်းလယ်ဘောလုံးသမားသည် လိုင်ယွန်ကလပ်၌ လေးနှစ်ကစားပေးခဲ့သူဖြစ်သည်။ ရီးရဲမက်ဒရစ်၌ ကစားခွင့်ရရန် မိမိမျှော်မှန်းချက် ပြည့်ဝခဲ့ပြီဖြစ်ကြောင်း၊မိမိအိပ်မက်အကောင်အထည်ပေါ်လာခဲ့၍ အလွန်ဝမ်းမြောက်ရကြောင်း ဒိုင်အာရာက ပြောကြားသည်။ ဒိုင်အာရာအား ယခင်က လိုင်ယွန်ကလပ်အနေဖြင့် ပြောင်းရွှေ့ကြေးပေါင်ငွေ ၂၄သန်း တောင်းဆိုခဲ့သော်လည်း ပေါင် ၁၇သန်းနှင့် ဈေးတည့်ခဲ့ခြင်းဖြစ်သည်။ဒိုင်အာရာအား ခေါ်ယူခဲ့ခြင်းနှင့် ပတ်သက်၍ ရီးရဲမက်ဒရစ်က မိမိတို့သည် ကမ္ဘာ့ထိပ်တန်း ကွင်းလယ် ကစားသမားတစ်ဦးကို ခေါ်ယူနိုင်ခဲ့ကြောင်း ပြောကြားလိုက်သည်။ **(အင်တာနက်)**



**မဟာမာဒူဒိုင်အာရာ**

## မွေးနေ့ဆုတောင်း

ကျေးဇူးရှင်ဖခင်ကြီး ဦးရွှေ၏ (၇၅)နှစ်မြောက် မွေးနေ့နှင့် ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကြည်ညွန့်၏ (၇၄)နှစ်မြောက် မွေးနေ့တို့မှသည် နောင်နှစ်ပေါင်းများစွာ မိသားစုများနှင့်အတူ ဘာသာ၊ သာသနာ အကျိုးကို ဆတက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်း ချစ်သားသမီးများနှင့် ချစ်မြေးများက ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

ဦးတင်ထွန်း – **ဒေါ်မာမာရီ**
**(ဝသန်ကိုကို)**–စုလဲ့လဲ့ညွန့်
ဟေမာန်ညီညီ
နွေဦးငယ်
(ခေတ္တ–စင်ကာပူ)

**ဦးမြင့်သိန်း** – ဒေါ်ခင်ဝါဝါ
(Linn Shwe Wah Co., Ltd.)
Dr. ဇွန်ဝတ်မှုန်(အလုပ်သင်ဆရာဝန်)
ဝင်းထက်အောင် – **မခိုင်စံ**
(M.D. Commet Co.,) (Director, Linn Shwe Wah Co.,)

ဦးသန်းအောင် – **ဒေါ်ခင်အေးမြင့်**
(ကုန်သွယ်ရေးဦးစီး)
Dr. ရွှေဆုမွန်(အလုပ်သင်ဆရာဝန်)
သုဝဏ် (ဒုတိယနှစ်၊ ဆေး–၁)
မင်းအိမ်စည်(အထက–၄၊ အလုံ)

## ဗိုလ်တထောင်စေတီတော်၌ တရားတော်ချီးမြှင့်မည်

**ရန်ကုန် ဩဂုတ် ၂၀**

၁၃၆၈ခုနှစ် ဝါခေါင်လကွယ်နေ့ (ဩဂုတ်၂၂ရက်) မွန်းလွဲ၁၂နာရီခွဲတွင် ရန်ကုန်တိုင်း သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဗိုလ်တထောင်စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ရန်ကုန်မြို့ ဗဟန်းမြို့နယ် စိန္တာရာမကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောသလ္လ အရှင်သူမြတ်ကလည်းကောင်း၊ ညနေ၃နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် မန္တလေးတိုင်း အောင်မြေသာစံမြို့နယ် ချမ်းသာကြီးတောင်တိုက် ရတနာဗိမာန်စာချကျောင်း ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဇောတိကာဘိဝံသ အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သားပေါင်းစုံဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ကားရောင်းမည်**
ထ/ Publica
ဈ/ Audi
ဆ/ Mazda D-1600
**ဖုန်း–၆၆၃၆၀၂(ညှိနှိုင်းဈေး)။**

KMD (သိမ်ကြီးဈေး) Computer Centre
:: i-Office :: Graphics Design :: Desktop Publishing :: Email & Web Design
:: Basic Software Engineering :: Practical A+ :: LCCI Computerised Accounting

## အရွယ်မပြည့်မီ ငါးရှဉ့်များ သဘာဝရေပြင်သို့ ပြန်လွှတ်ပေးရေးဆွေးနွေး

**ရန်ကုန် ဩဂုတ် ၂၀**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၏ ဦးဆောင်မှုအရ ငါးလုပ်ငန်းဦးစီးဌာနနှင့်မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်းတို့၏ သဘာဝသယံဇာတမျိုးထိန်းသိမ်းရေးအတွက် (၃)စင်တီမီတာအောက် သတ်မှတ်အရွယ်မပြည့်မီသည့် ငါးရှဉ့်အကောင်ငယ်များကို သဘာဝရေပြင်သို့ ပြန်လွှတ်ပေးသည့်အခမ်းအနားကို ဩဂုတ်၁၈ရက်နံနက်ပိုင်းက ဧရာဝတီတိုင်း မအူပင်ခရိုင် ညောင်တုန်းမြို့ ရေနက်ကွင်းအဝင်ချောင်းဝ၌ကျင်းပရာ ခရိုင်ဥက္ကဋ္ဌ၊ ငါးလုပ်ငန်းဦးစီးဌာနညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ငါးရှဉ့်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးစိုးသန်းနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာနဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးများဖြစ်သည့် ဦးဝင်းမြင့်မောင်နှင့် ဦးခင်မောင်ဝင်းတို့က သဘာဝသယံဇာတမျိုးထိန်းသိမ်းရမည့်အခြေခံအချက်များကို ရှင်းလင်းပြောကြားပြီး မြန်မာနိုင်ငံငါးရှဉ့်လုပ်ငန်းရှင်များအသင်း အတွင်းရေးမှူးဦးအောင်ကျော်ထူးက သတ်မှတ်အရွယ်အစားမရှိသည့် ငါးရှဉ့်ငယ်များ စုဆောင်းရရှိထားသည့်အခြေအနေနှင့်သဘာဝသယံဇာတမျိုးပြုန်းတီးမှုမှ ကာကွယ်သွားရမည့်အခြေအနေများကိုရှင်းလင်းပြောကြားသည်။ **(သတင်းစဉ်)**

## အောင်ချမ်းသာ အိမ်ရာတရားပွဲ

**ရန်ကုန် ဩဂုတ် ၂၀**

ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင် ရပ်ကွက် အောင်ချမ်းသာအိမ်ရာ သာသနာ့ဂုဟာဓမ္မာရုံ၌ ဩဂုတ်၂၂ ရက် မွန်းလွဲ၂နာရီတွင် တွံတေးအရှင်ဣန္ဒက ဆရာတော်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည်ဟုသိရသည်။ **(က–ပ)**

**ကျောက်တန်းမြို့ ဆင်ကန်ရပ်နေ ဦးမောင်သန်း အသက် (၉၄နှစ်)ပြည့်မွေးနေ့နှင့် ဒေါ်ခင်စိန် အသက် (၈၄နှစ်)ပြည့်မွေးနေ့ ရည်စူး၍ ရန်ကင်းမြို့နယ် မိုးကောင်း ဆုတောင်းပြည့် စေတီတော်ကြီး အတွင်းရှိ ကေဒဂ်ဓမ္မာရုံ ပြန်လည်တည် ဆောက်ခြင်းအတွက် အလှူငွေကျပ် တစ်သိန်းကို ဦးမောင်သန်း–ဒေါ်ခင်စိန်ကိုယ်စား ဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းရာ ဂုဏ်ပြုလွှာပြန်လည်ပေးအပ်စဉ်။** (က–ပ)

## ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊အမှတ်(၃၃)ဖြန့်ချိ

**ရန်ကုန် ဩဂုတ် ၂၀**

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၃၃)တွင် ကိုကို (စက်မှုတက္ကသိုလ်)၏ အယ်ဒီတာ့ဒိုင်ယာရီ၊ အခန်းဆက် ကိုရီးယားခရီးသွားဆောင်းပါး ‘ယဉ်ကျေးမှု ပေါင်းကူး ကလေးများ’၊ စက်မှုဇုန်ထုတ်ကုန်များ မူလကုန်သွယ်လုပ်ငန်းခွန် ခုနှိမ်သက်သာခွင့်ပြု၊ မြန်မာနိုင်ငံသစ်တောပျိုးထောင်ရေးအတွက် ဂျပန်နိုင်ငံက ယန်းငွေသန်းပေါင်း ၃၃၀ကူညီ၊ စီအင်န်အင်န်နှင့် စတားလိုင်းများအပါအဝင် နိုင်ငံတကာ ရုပ်/သံလိုင်း ၁၂လိုင်းကို MRTV-4° ဆက်စပ်ရုပ်/သံလိုင်းများမှ မကြာမီထုတ်လွှင့်တော့မည်စသည့် ပြည်တွင်းရေးရာ သတင်းဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာသည်။

“ချယ်လ်ဆီးဆိုတာ ပရီမီယာလိဂ်မှာ ချာတိတ်ပါ” အားကစားဆောင်းပါး အပါအဝင် ဖိမ်ခံညှော့လုပ်ငန်း စန်းပွင့်လွန်းသဖြင့် ချင်းမိုင် ဒေသခံများစိုးရိမ်၊ ယမ်းအရည်ဖော်ထုတ်စနစ် ယခင်ကတည်းက ရှိခဲ့ခြင်းဖြစ်၊ အားပျော့သော အယ်လ်နီနိုရာသီဖြစ်ကိန်း ၅၀ရာခိုင်နှုန်းရှိ စသည့် နိုင်ငံတကာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေးနှင့် ဖျော်ဖြေရေးကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်သည်။ **(သတင်းစဉ်)**

## ဝေနေယျသုခရေချမ်းစင်အသင်း ပြက္ခဒိန်ထွက်ပြီ

**ရန်ကုန် ဩဂုတ် ၂၀**

၂၀၀၇ခုနှစ်အတွက် ဝေနေယျသုခ ရေချမ်းစင်အသင်းပြက္ခဒိန်နှစ်မျိုး ဆေးရောင်စုံ မျက်နှာဖုံးဖြင့် တစ်ပြိုင်တည်းထွက်ပြီဖြစ်သည်။ တစ်နှစ်စာ ရေဖိုးအနည်းဆုံး ငွေကျပ်၂၀၀ လှူသူအား မြန်မာစက္ကူချောဖြင့်လည်းကောင်း၊ ငွေကျပ်၃၀၀လှူသူအား နိုင်ငံခြားစက္ကူဖြင့်လည်းကောင်း ပြက္ခဒိန်တစ်စောင် လက်ဆောင်ပေးမည်။ ပြည်တွင်းပြည်ပရေအလှူဒါန ခုနစ်မျိုးစုံအတွက် အနည်းဆုံးကျပ်၇၀၀လှူသူ ဝေနေယျ သုခဓမ္မာရုံ ဘက်စုံအလှူနှင့် ရာသက်ပန် သောက်ရေသန့် ရေပဒေသာပင်တစ်ပင်လျှင် ကျပ်တစ်သောင်း အလှူရှင်များအား ကမ္ပည်းမော်ကွန်းတင်၍ ပြက္ခဒိန်များနှင့် ဂုဏ်ပြုလွှာပေးအပ်မည်ဟု သိရှိရသည်။ **(က–ပ)**

**ဩဂုတ် ၁၆ရက်က လမ်းမတော်မြို့နယ် (သံဈေး) ဈေးသူဈေးသားများ စုပေါင်းပြီး ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းပွဲအခမ်းအနားကို ဈေးရုံးခန်း၌ ကျင်းပရာ ပိဋကတ်သုံးပုံကောင်းမှုရှင် ဈေးသူဈေးသားများက ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းကြစဉ်။**

(က–ပ)

## ပန်းဘဲတန်း မဟာသိမ်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

**ရန်ကုန် ဩဂုတ် ၂၀**

၁၃၆၈ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၄ရက် (ဩဂုတ်၂၂ရက်) အင်္ဂါနေ့ ည၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ထူးကြီးဒေသ ဥသျှစ်ကုန်းရွာ ကံသာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဖြစ်တော်မူသော ဆရာတော် ဘဒ္ဒန္တရေဝတ(အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ) သည်ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## မုတ်သုံလေအားအသင့်အတင့်ရှိမည်

ရန်ကုန် ဩဂုတ် ၂၀

**လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းတွင် နေရာကွက်ကျား၊ ကယားပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ နေရာကျဲကျဲနှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးရွာခဲ့ပြီး ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကွက်၍ မိုးကြီးခဲ့သည်။**

**ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေအားကောင်းနေသည်။ ဩဂုတ် ၂၁ရက် ညနေအထိ ခန့်မှန်းချက်အရ ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများ၌ နေရာအနှံ့အပြားမိုးရွာပြီး ရခိုင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

**မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင်၃၅ မိုင်မှ မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအသင့်အတင့်ရှိမည်ဟု သိရသည်။**

(မြန်မာ့အလင်း)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၃ရက် (အဖိတ်နေ့)**
**၂၁–၈–၂၀၀၆ရက်(တနင်္လာနေ့)**
**နံနက်ပိုင်း**

၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ တန်ခိုးတော်ထင်ရှား ကျိုက္ခမီ ဆုတောင်းပြည့်ရေလယ်ဘုရား
၇:၅၅ ၅။ သံသာချိုအေး မင်္ဂလာတေး
၈:၁၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၈:၂၀ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ အမှတ်(၃)အခြေခံပညာ ဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ(ဒုတိယဆု) (အထက–၄၊တာမွေ) [အမျိုးသမီးဝတ်ရွတ်အဖွဲ့]
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(သင်္ချာအထူးပြု) [သင်္ချာ]
၁၇:၀၀ ၅။ အကပဒေသာ
၁၇:၁၅ ၆။ မြန်မာစာ မြန်မာစကား
၁၇:၃၀ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအဆိုအကများ
၁၇:၃၅ ၈။ **“အန္တရာယ်ဆိုတာ လက်တစ်ကမ်းမှာ”** စိုးသူ၊ နန်းကလျာလှိုင် (ဒါရိုက်တာ–ဇော်စန္ဒာလှိုင်)
၁၇:၄၅ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈:၀၀ ၁၀။ ညနေခင်းသတင်း
၁၈:၃၀ ၁၁။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၂။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **“တောတွင်းသားငယ်လေး”** (အပိုင်း–၁)
၁၈:၅၅ ၁၃။ ၂၀၀၆ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (ခေတ်ဟောင်းတေးနှင့်ကာလပေါ်တေး) [ဝါသနာရှင်အဆင့်] (အမျိုးသမီး)
၁၉:၃၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ဇူလိုင်နံနက်ခင်း”** (အပိုင်း–၁၉)
၂၀:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **“ချစ်သူ့အိပ်မက်လှလှ”** (အပိုင်း–၂၁)
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

## မြေယာရှင်း အလှပြုပြင်

မိုးကောင်း ဇူလိုင် ၃၁

မိုးကောင်းမြို့ စိမ်းလန်းစိုပြည်ရေးနှင့်သာယာလှပရေးအတွက် ပန်းအလှပင်များပျိုးထောင်ခြင်း၊ ဂျပန်မြက်ခင်းများစိုက်ပျိုးခြင်းနှင့် မြေယာရှင်းအလှပြုပြင်ခြင်းတို့ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများဖြင့် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၂ ရက်က အောင်ဆန်းလမ်းထောင့်ရှိ တြိဂံပုံဂျပန်မြက်ခင်းကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ပေါင်းနုတ်ခြင်း၊ မြေဩဇာထည့်သွင်းခြင်းတို့ကိုဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးတင်ဋ္ဌေးက ကြီးကြပ်ဆောင်ရွက်ပေးကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

# မြို့တော်ဝန်ဖလား အလွတ်တန်းဖိတ်ခေါ် ပူဆယ်ဘောလုံးပြိုင်ပွဲ အုပ်စုပတ်လည်ယှဉ်ပြိုင် မန္တလေးတောင်ဝန်းကျင်တွင် ရေပိုက်လိုင်းနှင့် ရေဖျန်းပိုက်များတပ်ဆင်ဆောင်ရွက် ကျုံးရေပြင်ကြည်လင်သန့်ရှင်းရန် မှော်နှင့် အမှိုက်များဆယ်ယူရှင်းလင်း

မန္တလေး ဩဂုတ် ၁၇

**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပုနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ လိုက်ပါလျက် ဩဂုတ် ၁၃ ရက် နံနက် ၈ နာရီခွဲက အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ အားကစားပြိုင်ကွင်း၌ ၂၀၀၆ ခုနှစ် ပထမအကြိမ် မြို့တော်ဝန်ဖလားအလွတ်တန်း ဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲ ကျင်းပနေမှု၊ မန္တလေးတောင်တော်နှင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်မှုနှင့် မန္တလေးတောင်ခြေ ဘုန်းတော်တိုးရပ်ကွက်အနီးတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ပျိုးဥယျာဉ်ခြံ တည်ဆောက်မည့်နေရာများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။**

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ် မန္တလေးတောင်ခြေအနီးရှိ အားကစားပြိုင်ကွင်းသို့ ရောက်ရှိပြီး ၂၀၀၆ ခုနှစ် ပထမအကြိမ် မြို့တော်ဝန်ဖလား အလွတ်တန်းဖိတ်ခေါ်ဖူဆယ်ဘောလုံးပြိုင်ပွဲ တတိယဆင့်အုပ်စုပတ်လည်ပြိုင်ပွဲယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးပြီး ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး စကားပြောကြားသည်။

### ရေပိုက်လိုင်းများတပ်ဆင်

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်တော်ဝန်းကျင်တစ်ဝိုက်တွင် မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ ရေပိုက်လိုင်းများနှင့် ရေဖျန်းပိုက်များ တပ်ဆင်ဆောင်ရွက်ထားမှုများကို လည်းကောင်း၊ မန္တလေးတောင်ပေါ်မှလိုက်လံ ကြည့်ရှုစစ်ဆေး၍ မန္တလေးတောင်တော်တစ်နှစ်ပတ်လုံး စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် အရိပ်ရပင်ကြီးများ နှစ်စဉ်တိုးချဲ့စိုက်ပျိုးရန်တို့ကို မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် မန္တလေးတောင်အဆင်း လမ်းဘေးဝဲယာတစ်လျှောက်နှင့် တောင်တော်ဝန်းကျင်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများဆောင်ရွက်နိုင်မည့်နေရာများကိုလည်းကောင်း**(အပေါ်ပုံ)**၊ မန္တလေးတောင်ခြေဘုန်းတော်တိုးရပ်ကွက်အနီးတွင် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးတောင်တော်စိမ်းလန်း စိုပြည်သာယာလှပရေးလုပ်ငန်း ပျိုးဥယျာဉ်ခြံတိုးချဲ့တည်ဆောက်မည့်နေရာများကို လည်းကောင်း၊ မန္တလေးကျုံးရေပြင်ကြည်လင်သန့်ရှင်းစေရန်အတွက် မှော်ဆယ်စက်ကြီးများနှင့် မှော်ဆယ်ဝန်ထမ်းများက ကျုံးအတွင်းမှ ရေမှော်များ၊ အမှိုက်များဆယ်ယူ ရှင်းလင်းဆောင်ရွက်နေမှုလုပ်ငန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာဌာနမှူးများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားကာ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကျောက်ချောလမ်းပြုပြင်

**ကျိုင်းတုံမြို့ ယန်းလော–လွယ်လုံကြားရှိ ကျေးလက်ကျောက်ချောလမ်းနှင့် တံတားကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ဒေသခံပြည်သူတို့ ပူးပေါင်း၍ ပြုပြင်ဆောင်ရွက်ရာ ဩဂုတ် ၁၀ ရက်က ညွှန်ကြားရေးမှူး ဦးတင်လှိုင်နှင့် အမှုဆောင်အရာရှိ ဦးခင်ကျော်တို့ ကြီးကြပ်ပေးစဉ်။**

(မြို့နယ်စည်ပင်)

**မအူပင်မြို့ စည်ပင်သာယာရေးအဖွဲ့ ကြီးကြပ်ကွပ်ကဲမှုအောက်ရှိ အနေးယာဉ်(ဆိုက်ကား)များအား ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ညီညွတ်စေရန် ဩဂုတ်၁၅ရက်က ဒုတိယဦးစီးမှူး(အခွန်) ဦးဌေးနိုင် ဦးဆောင်သော အဖွဲ့ဝန်ထမ်းများ၊ မြို့နယ် အနေးယာဉ်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဘတင့်နှင့် ကော်မတီဝင်များ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)

## အခွန်ဆိုင်ရာ ရှင်းလင်းဆွေးနွေး

တောင်ကြီး ဩဂုတ် ၁၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန အခွန်ဆိုင်ရာရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ်၁၇ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အခွန်ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ရှင်းလင်းဖြေကြား

ရှေးဦးစွာ ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးစိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ကုမ္ပဏီလုပ်ငန်းရှင်များက ကုန်သွယ်လုပ်ငန်းခွန်၊ ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ သိရှိလိုသည့်အချက်များကို မေးမြန်းကြရာ ပြည်နယ်အခွန်ဦးစီးဌာနမှူး၊ ခရိုင်အခွန်ဦးစီးဌာနမှူးနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူးတို့က မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်းသိရသည်။

**(က–ပ)**

## မိခင်နို့ တိုက်ကျွေးရေးအထိမ်းအမှတ် အာဟာရနှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်

တောင်ငူ ဩဂုတ် ၁၂

တောင်ငူမြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး၍ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ်အခမ်းအနားကို ဩဂုတ် ၅ ရက် နံနက်က မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးသိန်းက အမှာစကားပြောကြားပြီး မြို့ပေါ်ရပ်ကွက်များမှ နို့တိုက်မိခင် ၈၅ ဦး တို့အား အာဟာရနှင့်ဆေးဝါးများ ထောက်ပံ့ပေးအပ်ကြသည်။**(အောက်ပုံ)**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာဒေါ်ခင်လေးရီက မိခင်နို့ စနစ်တကျတိုက်ကျွေးရခြင်း၏ အကျိုးကျေးဇူးများကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(၃၀၃)**

## ကျိုက်ထိုမြို့ ရေပေးရေး လုပ်ငန်းများဆောင်ရွက်

ကျိုက်ထို ဩဂုတ် ၅

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်အတွင်း ဇေယျာမွန်ရပ်ကွက် ရေပေးရေးလုပ်ငန်းကို ဇူလိုင် ၃၀ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသက်အောင်က ရှင်းလင်းတင်ပြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

## အောင်မင်္ဂလာတံတား

**ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်သောင်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးသိန်းဦးတို့ ဇူလိုင် ၂၈ရက်က သုံးခွမြို့ သုံးခွ–နံ့ယော ကျေးလက်လမ်းပေါ်ရှိ အောင်မင်္ဂလာသစ်သားတံတားတည်ဆောက်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်သီတာမြင့်က ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

## မြေယာရှင်းခြင်း

သာပေါင်းမြို့အဝင် ဆိုင်းဘုတ်ပတ်ဝန်းကျင် မြေယာ ရှင်းခြင်းကို ဩဂုတ် ၆ ရက်က စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပေါင်းမြက်ရှင်းလင်းရာ အမှုဆောင်အရာရှိ ဦးအောင်သူဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ် ပြန်/ဆက်)

# လားရှိုးမြို့ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပွဲ ကျင်းပ

# အစိုးရနည်းပညာကောလိပ်( လားရှိုး ) သုံးထပ်ကျောင်းဆောင်ဆောက်လုပ်

နေပြည်တော် ဩဂုတ် ၁၉

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွင့်သည် တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၁၂ ရက် နံနက် ၈ နာရီက လားရှိုးမြို့ အထွက် ဟိုပိတ်ကျေးရွာအနီးရှိ အစိုးရနည်းပညာကောလိပ်(လားရှိုး) သုံးထပ်ပင်မအဆောက်အအုံသစ် ကျောင်းပရိဝုဏ်၌ ကျင်းပသည့် ၂၀၀၆ခုနှစ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပွဲသို့ တက်ရောက် အမှာစကားပြောကြားသည်။**

### သစ်ပင်ပျိုးပင်များဖြန့်ဝေ

ထို့နောက် တိုင်းမှူးက တက်ရောက်လာကြသူများအား သစ်ပင်ပျိုးပင်များ ဖြန့်ဝေပေးသည်။

### စိုက်ပျိုးပေး

ယင်းနောက် တိုင်းမှူးနှင့် ဇနီး၊ ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများသည် သတ်မှတ်နေရာအသီးသီး၌ သစ်ပင်များကို စိုက်ပျိုးပေးကြပြီး ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ တပျော်တပါးစုပေါင်း သစ်ပင်စိုက်ပျိုးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲတွင် ကံ့ကော်၊ ခရေ၊ နွယ်သာကီ၊ စိန်ပန်း၊ စကြာ့ပန်း စသည့် သစ်ပင်ပျိုးပင်စုစုပေါင်း ပျိုးပင်၅၅၀ကျော် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

### အစိုးရနည်းပညာကောလိပ်(လားရှိုး)

ထို့နောက် တိုင်းမှူးသည် AMC ဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူ တည်ဆောက်လျက်ရှိသည့် အစိုးရနည်းပညာကောလိပ် (လားရှိုး) ပင်မ သုံးထပ်ဆောင် အဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထိုမှတစ်ဆင့် တိုင်းမှူးသည် မန်မော်ဒေသရှိ တိုင်းစစ်ဌာနချုပ်၏ ဘိန်းအစားထိုးသီးနှံမျိုးစေ့ထုတ် စိုက်ခင်းရှိ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လုပ်ငန်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီးနေလင်းအောင်က စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပျားမွေးမြူရေးလုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် တိုင်းမှူးက တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးပြီး စိုက်ခင်းများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးသည် လားရှိုးမြို့အထွက် အမှတ်(၁) ကုန်းမြင့်ယာမြေ ဧက ၁၀၀၀ မျိုးစေ့ထုတ်ဇုန်အတွင်းရှိ အထူးအထွက်ကောင်း ကြံစံပြဧက ၃၀ စိုက်ခင်း ရှင်းလင်းဆောင်သို့ရောက်ရှိရာ စိုက်ခင်းတာဝန်ခံ ဒုတိယဗိုလ်မှူးကြီး လှဝင်းက စိုက်ခင်းအတွင်း လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များမှာကြားကာ ကြံစိုက်ခင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

### ရှင်သန်အောင်မြင်

ထို့နောက် တိုင်းမှူးသည် မျိုးစေ့ထုတ်ဇုန်အတွင်း ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်း နှစ်တိုနာနတ်ပင်နှင့် နှစ်ရှည်အုန်းဆံပင်စိုက်ခင်းများ၊ အရိပ်မဲ့ ကော်ဖီစိုက်ခင်းများနှင့် ဆင်းရွှေလီ အထူးအထွက်တိုး မိုးစပါးတစ်ဧက စံပြ ၃၃ ဧက စိုက်ခင်းများ ဖြစ်ထွန်းရှင်သန်အောင်မြင်နေမှု အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

**(သတင်းစဉ်)**

# မိခင်နို့ချိုတိုက်ကျွေးမှုဆိုင်ရာ သိကောင်းစရာရှင်းလင်း

# ထောက်ပံ့ငွေနှင့် သံဓာတ်အားဆေးများဝေငှ

နေပြည်တော် ဩဂုတ် ၁၉

**မွန်ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၆ရက် နံနက် ၉နာရီက ပြည်နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံး၌ ကျင်းပသည်။**

အခမ်းအနားသို့ မွန်ပြည်နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်မြင့်မြင့်စိုး၊ ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှ တာဝန်ရှိသူများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ ပြည်နယ် ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်စိုးက အမှာစကားပြောကြားပြီး ဒေါက်တာတိုးတိုးအောင်နှင့် ကလေးအထူးကု ဒေါက်တာဝင်းဝင်းမြင့်တို့က မိခင်နို့ချိုတိုက်ကျွေးမှုဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

### ထောက်ပံ့ငွေနှင့် အားဆေးဝေငှ

ထို့နောက် တက်ရောက်လာသည့် ကလေးမိခင်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရမုန့်များ၊ ထောက်ပံ့ငွေနှင့် သံဓာတ်အားဆေးများ ဝေငှ ပေးအပ်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမြို့မြို့ အနယ်နယ် သတင်းများ

## မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**(ဝါခေါင်လကွယ်နေ့)**
**၂၂-၈-၂၀၀၆ (အင်္ဂါနေ့)**

**နံနက်ပိုင်း**

- ၀၇း၀၀ တရားတော် (ဝါခေါင်လကွယ်နေ့ တရားတော် ပကဗြဟ္မာ၏ရှေးက ပြုဖူး ကုသိုလ်ထူးတရားတော်) (နိုင်ငံတော် သံဃနာယကအဖွဲ့ အဖွဲ့ဝင် ခရမ်းမြို့နယ် ကိုင်းကုန်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဂန္ထဝါစက ဘဒ္ဒန္တဇောတိက)

**နေ့လယ်ပိုင်း**

- ၀၉း၀၀ နဝင်္ဂဥပေါသထ သီလပေးတရားတော် (ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသ)
- ၁၀း၀၀ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များ လေ့လာရန် စံသီချင်းများ (ခေတ်ဟောင်း/ ကာလပေါ်) အဆင့်မြင့်ပညာအဆင့်-အမျိုးသား (၁) ရွှေမင်းဂံ-ကိုအံ့ကြီး (၂) အမတမျိုးစေ့- စန္ဒရားခွန်တင်ကြွယ်
- ၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (လင်ဇီးမှိုစိုက်ပျိုးရေးနည်းအကြောင်း)
- ၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာနှင့် ပုံတောင်-ဒေါက်တာသက်လွင်)
- ၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (ငွေရှာခြင်း-ဒေါက်တာမြင့်သန်း- ညောင်လေးပင်)
- ၁၂း၁၅ တရားတော် (ဝမ်းမြောက်ဖွယ်နှင့် ဖြည့်ကျင့်ဖွယ်တရား) (နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ မြို့မ အလယ်ကျောင်း ပဋိယတ္တိ စာသင်တိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာဝံသ)
- ၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (နွေးထွေးသော မြေ)
- ၁၂း၄၅ မှတ်ဖွယ်မှတ်ရာသုတအဖြာဖြာ (ဗုဒ္ဓဘာသာနှင့် နေ့စဉ်ဘဝ- မောင်သိန်းလှိုင်)
- ၁၃း၁၀ ပညာရေးအသံလွှင့်အစီအစဉ် (ပဉ္စမတန်း-သင်္ချာ-၂ တြိဂံများ)

**ညနေပိုင်း**

- ၁၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ဆဋ္ဌသင်္ဂါယနာတင်ပွဲတွင် ဖြေကြားတော်မူခဲ့သော မဟာဓမ္မပါလ ဇာတကသုတ္တန်
- ၁၇း၀၀ တပ်မတော်စာတိုက်
- ၁၇း၃၀ ကျန်းမာကြံ့ခိုင် ဒို့မဏ္ဍိုင် (ကျန်းမာခြင်း၏အခြေခံမူကြီးများ- မောင်ရွှေယုံ)
- ၁၈း၂၅ ကျေးလက်ဇာတ်လမ်း (သက်ဆိုင်သူသို့)
- ၁၉း၁၅ မြန်မာမှုမြန်မာ့သဘင်(ကွက်စိပ်) (တွံတေးဒဂုံ ဆရာညွန့်၏ သတ္တဌာန စံတော်မူခန်း)
- ၂၀း၃၀ ကလေးများအတွက် ပုံပြင် (ဦးတီပိုး၏ နောင်တ)
- ၂၀း၄၀ ခံစားနားဆင် မြန်မာတေးသံစဉ် (၁) ကိုယ်ချစ်သူသာလှယမင်း (၂) အလွမ်းများနဲ့ အိပ်စက်ခြင်း (၃) တစ်ကိုင်းထဲနားချင်တယ်
- ၂၀း၅၀ မင်းကွန်းဆရာတော်ကြီး၏ အရပ် ၁၀ မျက်နှာ မေတ္တာဘာဝနာတရားတော်

**လေးမျက်နှာမြို့ ပြည်သူ့ဆေးရုံ ဝန်းကျင်ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်း၊ ဆေးရုံသောရေမြောင်းများ ရေစီး ရေလာကောင်းမွန်ရေးအတွက်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ၊ မြန်မာ နိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ စုပေါင်း၍ ဆောင်ရွက်ကြရာ ဇူလိုင် ၃၀ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးပေါက်ကျော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဇော်ဝင်းတို့ ကြည့်ရှုစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)

## အရှေ့ဘက်တံတား ပြီးစီးမှုစစ်ဆေး

**ရွှေဘို ဇူလိုင် ၃၁**

ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ပြီးစီးသော ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ် မြို့ပြလမ်း တံတားလုပ်ငန်းများမှ အမှတ်(၁၀)ရပ်ကွက်ရှိ ဈေးကလေးလမ်း- အောင်ဇေယျလမ်းဆုံ အရှေ့ဘက်တံတားဆောင်ရွက်ပြီးစီးမှု အခြေအနေကို ဇူလိုင် ၁၇ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်သူနှင့် အင်ဂျင်နီယာမှူး ဦးသင်းမင်းလတ်တို့ ကြည့်ရှုစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## စုပေါင်းစိုက်ပျိုး

**ပင်လည်ဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများစုပေါင်း၍ ဇူလိုင်၂၀ရက်က စိုက်ခင်း ၁၀ ဧကတွင် ခြံစည်းရိုးကြက်ဆူပင် ၁၂၀၀၀ စိုက်ပျိုးကြစဉ်။**

(မြို့နယ်စည်ပင်)

## ရေပေးရေး ဆောင်ရွက်

**ဘုရားသုံးဆူ ဩဂုတ် ၂**

ဘုရားသုံးဆူမြို့ ရေပေးရေးလုပ်ငန်းဆောင်ရွက်မှုကို ကရင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ဇူလိုင် ၁၉ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံဦးကိုကိုနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကျော်ကျော်လင်းတို့က လုပ်ငန်းဆောင်ရွက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြကြောင်း သိရသည်။

**(မြို့နယ်စည်ပင်)**

**ညောင်လေးပင် မြို့မ ဈေးအတွင်း သား၊ ငါးရောင်းချသောဆိုင် များ သန့်ရှင်း မှု ရှိ မ ရှိ၊ စားသုံးရန် သင့် မသင့်ကို ဩဂုတ် ၂ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်မြတ်မြတ်ထွန်း ဦးဆောင်၍ စည်ပင် သာယာရေး အဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးကြစဉ်။**

(မြို့နယ်စည်ပင်)

## မြေကွက်ဝယ်မည်(အမြန်)

ဒဂုံမြို့သစ် (မြောက်ပိုင်း) ဦးဝိစာရလမ်း (၄၁)တိုးချဲ့ ရပ်ကွက် တော်ဝင်အိမ်ရာ အတွင်းရှိ မြေကွက်သုံးကွက်ခန့် အမှန်တကယ် အမြန်ဝယ်ယူမည့်သူရှိနေပါသဖြင့် အမှန် တကယ် ငွေပေါ်ရောင်းချလိုသော ပိုင်ရှင်များ အမြန်ဆက် သွယ်ပါ။

**ဆက်သွယ်ရန် ဖုန်း-၅၇၉၁၉၁၊ ၀၉-၅၀၀၀၃၀၅။**


## ငြင်းချက်ထုတ်ရန် သမ္မန်စာ

**(တရားမကျင့်ထုံး ကိုခဥပဒေ အမိန့်-၅၊ နည်းဥပဒေ -၁ နှင့် ၂၀)**

**တောင်ကြီးခရိုင် တရားရုံးတော်၌**

**၂၀၀၆ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၃**

ဦးစိုင်းဂျော်နီအောင်
အိမ်အမှတ် ၁၇၇၊ အကွက် ၈၊
နယ်မြေ (၅/ခ)
အေးသာယာမြို့သစ်။ **နှင့်**

၁။ ဦးစန်းမြင့်
အိမ်အမှတ် ၁၇၇၊ အကွက် ၈၊
နယ်မြေ (၅/ခ)
အေးသာယာမြို့သစ်။
၂။ ဦးပသန်းဗဟာဒူး
၃။ ဒေါ်မုနီးဒေဝီ (အတူနေလင်မယား)
အိမ်အမှတ် ၁၇၇၊ အကွက် ၈၊
နယ်မြေ (၅/ခ)
အေးသာယာမြို့သစ်။

**တရားလို** **တရားပြိုင်**

**အထက်ပါအမှုမှ(၁)တရားပြိုင် ဦးစန်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက ကတိပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ် မှတ်ပုံတင်၍ လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဥ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့ နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့် အချက်များကို ချေပ ပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၀၆ ခုနှစ် စက်တင်ဘာလ (၁)ရက် (၁၃၆၈ ခုနှစ် တော်သလင်းလဆန်း ၁၀ ရက်) နေ့ မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလို စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရ မည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင်ငြင်းချက်များ ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှု လိုသည်များနှင့် သင်ကထုချေ တင်ပြအမှီပြုလိုသည့် စာချုပ် စာတမ်း အစရှိသည် တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။ ၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ပေးလိုက်သည်။

**မြွေးကျော်**
**ဒုတိယခရိုင်တရားသူကြီး၊ တောင်ကြီးခရိုင်တရားရုံး။**

## ရောင်းရန်ကြော်ငြာစာ

**(တရားမကျင့်ထုံး ကိုခဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)**

**သထုံခရိုင်တရားရုံး**

**၂၀၀၆ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၁၅**

မန်နေဂျာ
မြန်မာ့စီးပွားရေးဘဏ် **နှင့်** ၁။ ဦးအောင်ခင်ကျော်
ကျိုက်ထိုမြို့။ ၂။ ဒေါ်မာမာညွန့်
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

၂၀၀၁ ခုနှစ် တရားမကြီးမှု အမှတ် -၉၂ တွင် ၁၃-၂-၂၀၀၂ရက်က ချမှတ်သော ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ ပစ္စည်းများကို ၂၀၀၆ခုနှစ်စက်တင်ဘာလ ၁၃ ရက်နေ့(၁၃၆၈ခုနှစ် တော်သလင်း လပြည့်ကျော် ၇ ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

ရောင်းချခြင်းမှာ အများပြည်သူရှေ့လေလံတင်ရောင်း၍ ၎င်းစာရင်းတွင် ဖော်ပြပါရှိသည့်အတိုင်း ရောင်းချလိမ့်မည်။

ရောင်းချရာတွင် အများပြည်သူတို့မှာ ကိုယ်တိုင်သော်လည်းကောင်း၊ နေရာ တကျ အခွင့်အရေးလွှဲအပ်သည့် ကိုယ်စားလှယ်သော်လည်းကောင်း၊ ဆွဲဝယ် စေရန်ဆင့်ဆိုကြော်ငြာလိုက်သည်။

**ပစ္စည်းစာရင်း**

(က) ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ကျေးရွာအုပ်စုကွင်း အမှတ်(အိုအက်စ် အက်စ်-၁)အပြင် ကွင်း၊ ဦးပိုင်အမှတ် ၁၀၃၊ မြေဧရိယာ ၀ဒသမ၄၀ဧကရှိ မြေတစ်ကွက်နှင့်

(ခ)ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၄ပင်x၄ပင်)သွပ်မိုး အပေါ်ထပ် လျှာထိုးခင်း၊ အောက်ထပ်အုတ်ခင်း၊ အုတ်ကာနှစ်ထပ်တိုက်ခံ အိမ်တစ်လုံး။

အထက်ဖော်ပြပါ မြေနှင့်အဆောက်အအုံ၏ စုစုပေါင်းကြမ်းခင်းဈေးမှာ ၁၈သိန်း ဖြစ်ပါသည်။

**ရောင်းချရန် စည်းကမ်းချက်များ**

၁။ စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရား ရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။

၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်းရောင်းချမည် ဖြစ်သည်။

၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့တွင် ဤရုံးတော်တံဆိပ် ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ခင်မာကြည်**
**ဒုတိယခရိုင်တရားသူကြီး**
**သထုံမြို့။**




## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်ဘအ/၁၈၁၈ မော် တော်ဆိုင်ကယ် လက်ဝယ်ရှိသူအမည် ဦးအောင်ကျော်ဆန်း မှတ်ပုံတင် အမှတ် ၃/ဘအန(နိုင်)၁၂၁၀၀၄ က ယာဉ်မှတ်ပုံ တင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာ ပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့် ကြော်ငြာ သည့်ရက်မှ ၁၅ရက်အတွင်း အောက် ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး(ဘားအံမြို့)။**

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့် ဆောက်လုပ် ခဲ့သော ဗဟန်းမြို့နယ်ရှိတိုက်ခန်းအား အောက်ဖော်ပြပါပုဂ္ဂိုလ်မှ အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပါသည်။ ယခုအခါ အဆိုပါ တိုက်ခန်းအား ဝယ်ယူထားသူမှ တိုက်ခန်းအမည် ပြောင်းလဲပေးပါရန်နှင့် အဆောက်အအုံနေထိုင်ခွင့်စာချုပ် ပျောက်ဆုံးသဖြင့် မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းတို့အား ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထားများနှင့် အတူကြော်ငြာသည့်နေ့မှ ၁၄ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်း အကြောင်း ကြားလိုက်သည်။

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့် အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဒေါ်သန်းသန်းဌေး ၁၂/ဗဟန(နိုင်)၀၄၈၉၇၈ ဒေါ်စန်းစန်းရီ ၁၂/ဗဟန(နိုင်)၀၆၀၈၆၅ မောင်သန်းဇော်ဦး ၁၂/ဗဟန(နိုင်)၀၄၈၃၀၅ | | တိုက်(၁)၊အခန်း(၁၈) ရွှေဂုန်ရိပ်မွန်အိမ်ရာ (မိတ္တူမှန်လျှောက်) |
| ၂။ | ဒေါ်ဝေဝေနွယ် ၁၂/ဗဟန(နိုင်)၁၁၅၄၀၆မှ | ဒေါ်ကြူကြူမာ ၈/မကန(နိုင်)၀၀၀၆၅၆ | တိုက်-၈ အခန်း(၃၈)ရွှေဂုန် ရိပ်မွန်အိမ်ရာ(အမည်ပြောင်း) |

**ဌာနမှူး**
**အင်ဂျင်နီယာဌာန(အဆောက်အအုံ)။**

**စစ်ကိုင်းတောင်ရိုး ရွှေဟသ်ာ တိုက်သစ် ကျောင်းတိုက်ကြီးမှ ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရလင်္ကာရ အရှင်မြတ်၏ မွေးမယ်တော်ကြီး ဒေါ်ညို သက်တော်(၇၅)နှစ်ပြည့် စိန်ရတု မွေးနေ့ အထိမ်းအမှတ် အဖြစ် စစ်ကိုင်း ရွှေဟသ်ာ ဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ၊ နိုင်ငံတော် ဩဝါဒါစရိယ ဘဒ္ဒန္တ သံဝရာ ဘိဝံသအား နဝကမ္မ ဝတ္ထုအလှူငွေ ကျပ်၁၇သိန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

## သီတဂူဆရာတော် ဆောက်လုပ်လှူဒါန်းသော ကျောင်းဆောင်သစ် လိုအပ်ရာတွင် အသုံးပြုရန်အတွက် အလှူငွေပေးအပ်ပွဲကျင်းပ

**ကျောင်းကုန်း ဩဂုတ် ၁၆**

သီတဂူဆရာတော်မှ ဆောက်လုပ် လှူဒါန်းသည့် ကျောင်းဆောင်သစ် အတွက် လိုအပ်သောနေရာတွင် အသုံး ပြုရန်အတွက် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီက အဆိုပါ ပုသိမ်ခရိုင်ကျောင်းကုန်းမြို့နယ် ဒိုးတန်းကျေးရွာအုပ်စု ဒိုးတန်းကျေးရွာ သီတဂူဆရာတော်မှ ဆောက်လုပ် လှူဒါန်းသည့် ကျောင်းဆောင်သစ်တွင် ကျင်းပသည်။

**တက်ရောက်ကြ**

အခမ်းအနားသို့ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊လူမှုရေးအသင်း အဖွဲ့များ၊ မြို့နယ်ပညာရေးမှူးနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာ တာဝန်ရှိ သူများ၊ ကျေးရွာဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်း အကျိုးတော်ဆောင်များ၊ ရပ်မိရပ်ဖ များ၊ ကျောင်းသားမိဘများ တက် ရောက်ကြသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ်လှိုင်၊ မြို့နယ်ပညာရေးမှူး ဦးတင့်ဆွေနှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်း ရေးမှူးဦးသိန်းထွန်းတို့က အမှာစကား ပြောကြားကြသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲ ကျင်းပရာ မြို့နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဉာဏ် လှိုင်နှင့် ဇနီးဒေါ်ဆွေဇင်ဝင်းတို့က ငွေကျပ် ၅၀၀၀၀ နှင့် ကျေးရွာဥက္ကဋ္ဌ ဦးမြတ်လင်းတို့က ငွေကျပ် ၁၀၀၀၀ ပေးအပ်လှူဒါန်းကြသည်။

**ဆောက်လုပ်လှူဒါန်း**

အဆိုပါ စာသင်ကျောင်းမှာအလျား ၆၈ပေ၊ အနံ ၂၄ပေ ဖြစ်ပြီး တစ်ထပ် သွပ်မိုး၊ မျက်နှာကြက်ပါရှိပြီး အုတ် ပတ်ကား ကျောက်ပြားခင်းဖြစ်၍ စုစုပေါင်း ငွေကျပ်သိန်း ၃၀၀ ကျော် အကုန်အကျခံ ဆောက်လုပ်လှူဒါန်း သော ကျောင်းဖြစ်သည်။ (၂၆၅)

**ရန်ကုန်တိုင်း ဗဟန်းမြို့နယ် မိုးညှင်းဝိပဿနာတိုက်သစ်အတွင်းရှိ တည်ဆောက်ဆဲ ရွှေရတုစိန်တိုး ကျောင်းဆောင်တော်ကြီးအတွက် ဦးခင် အုန်း-ဒေါ်သိန်းရွှေ(ရွှေကျီး)မိဘနှစ်ပါးတို့အား အမှူးထား၍ ဦးတင်မင်း- ဒေါ်ကြည်ကြည်မြင့်၊ သား၊ သမီး၊ မြေးမိသားစုတို့က အလှူငွေကျပ် တစ်သိန်းကို ကျောင်းဆောင်ဖြစ်မြောက်ရေးအဖွဲ့ နာယကဆရာတော် မိုးညှင်း အရှင်ဣန္ဒကထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ကျောက်မဲမြို့နယ် စည်ပင်သာ ယာရေးအဖွဲ့ပိုင် ဗဟိုဈေးအတွင်း ခြင်ဆေးဖျန်း ဆောင်ရွက်မှုကို ဩဂုတ်၁၀ ရက်က မြို့နယ် စည်ပင် သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသက် ထွန်း၊ ဒုတိယဦးစီးမှူး ဈေးနှင့် ဈေးကော်မတီဝင်များ ကြပ်မတ် ဆောင်ရွက်ပေးစဉ်။**

(မြို့နယ်စည်ပင်)

**ကျေးလက်ရေပေးရေးတွင် အသုံးပြုသော စက်ရေတွင်းနှင့်စက်ပစ္စည်းများ ရေရှည်တည်တံ့ခိုင်မြဲရေးသင်တန်းကို ဇူလိုင် ၂၀ရက်က အရာတော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်းနှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးသင်းအောင်တို့က ဝါးတန်းကျေးရွာအုပ်စု၌ သင်တန်း ပို့ချဆွေးနွေးစဉ်။** (မြို့နယ်စည်ပင်)

## မြို့နယ်မိခင်/ကလေးအသင်း ဆယ်အိမ်စုမှူး သင်တန်းဖွင့်

**မင်းဘူး ဩဂုတ် ၁၅**

မင်းဘူး(စကု)မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူး ဖွင့်လှစ်သော ဆယ်အိမ်စုမှူး သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၃ရက်နံနက် ၈နာရီက မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့် ကလေး စောင့်ရှောက်ရေးကြီးကြပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ထွေးကြည်က သင်တန်းဖွင့် အမှာစကား ပြောကြား သည်။

အဆိုပါသင်တန်းတွင် မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ခင်မောင်ရင်က အိပ်ချ်အိုင်ဗွီ၊ အေအိုင် ဒီအက်(စ်)ရောဂါအကြောင်း၊ ကလေး သူငယ်များဖြစ်ပွားတတ်သော ကူးစက် ရောဂါများအကြောင်း၊ မြို့နယ်ကျန်းမာ ရေးဦးစီးဌာန အထက်တန်းသူနာပြု ဒေါ်အမာက ကိုယ်ဝန်ဆောင်မိခင်များ ပြုစုစောင့်ရှောက်ခြင်း၊ မီးဖွားစဉ်နှင့် မီးဖွားပြီးကာလပြုစုစောင့်ရှောက်ခြင်း၊ မွေးကင်းစကလေးများပြုစုစောင့်ရှောက် ခြင်းနှင့် ကာကွယ်ဆေးများအကြောင်း၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက် ရေးအသင်း တွဲဖက်အတွင်းရေးမှူး ဒေါ်ခင်မြတ်မွန်က သန့်လေးသန့် အာဟာရများအကြောင်း၊ ဘဏ္ဍာ ရေးမှူး ဒေါ်ခင်အေးကြွေက သွေးလွန် တုပ်ကွေး၊ တီဘီနှင့် အနာကြီးရောဂါ အကြောင်းများကို ပို့ချကြကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# စက်တပ်ဆင်အင်အား လျှပ်စစ်မဂ္ဂါဝပ် ၇၉၀ ထုတ်လုပ်ပေးနိုင်မည့် ရဲရွာရေအားလျှပ်စစ်စီမံကိန်း သတ်မှတ်ချိန်ထက် စောစီးပြီးစီးရေး ၂၄ နာရီ အဆက်မပြတ် ကြိုးစားဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်းသည် ဒုတိယဝန်ကြီးဦးမျိုးမြင့် လိုက်ပါ၍ မန္တလေးမြို့၏ အရှေ့တောင်ဘက် ၃၁ မိုင်အကွာ ရဲယမန်းရွာအနီး (မြစ်ငယ်မြစ်)ပေါ်တွင် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂) တည်ဆောက်ရေးက တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသော ရဲရွာရေအားလျှပ်စစ်စီမံကိန်းသို့ ယမန်နေ့မွန်းလွဲပိုင်းတွင် ရောက်ရှိပြီး စီမံကိန်းညွှန်ကြားရေးမှူး ဦးမြင့်ဇော်၊ စီမံကိန်းမှတာဝန်ရှိသူများနှင့်အတူ စီမံကိန်းလုပ်ငန်းများသို့ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ စာမျက်နှာ ၉ ကော်လံ ၂ ■



အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီးဇော်မင်း ရဲရွာရေအားလျှပ်စစ် စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (အမှတ်–၁၊ လျှပ်စစ်)

## စစ်တောင်းမြစ်ရေ တောင်ငူမြို့၌ စိုးရိမ်ရေမှတ်ရောက်

ရန်ကုန် ဩဂုတ် ၂၀

စစ်တောင်းမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆ နာရီခွဲ တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၅၇၆ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှနောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ ၆၀၀ သို့ရောက်ရှိနိုင်ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ (သတင်းစဉ်)

## ဩဂုတ် ၂၀ ရက်၌ မိုးရွာသွန်းလေသမျှ

| | | |
|---|---|---|
| ထားဝယ် | ၄ ဒသမ | ၉၂ လက်မ |
| ပဲခူး | ၃ ဒသမ | ၆၇ လက်မ |
| စစ်တွေ | ၃ ဒသမ | ၃၂ လက်မ |
| ရေးမြို့ | ၂ ဒသမ | ၉၉ လက်မ |
| မှော်ဘီ | ၂ ဒသမ | ၄၀ လက်မ |
| သထုံ | ၂ ဒသမ | ၃၆ လက်မ |
| ရန်ကုန်(မင်္ဂလာဒုံ) | ၁ ဒသမ | ၇၃ လက်မ |
| မုံရွာ | ၁ ဒသမ | ၃၀ လက်မ |
| မန္တလေး | ၁ ဒသမ | ၀၃ လက်မ |

## ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှုမရှိတော့ လပွတ္တာမြို့နယ် NLD ပါတီဝင် ၂၈ ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဩဂုတ် ၂၀

ဧရာဝတီတိုင်း လပွတ္တာမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးခင်လင်း၊ ဒေါ်လှကြည်၊ဒေါ်မြင့်စိန်၊ ဦးထွန်းလွင်၊ဦးတင်လှိုင်၊ ဦးရဲနောင်၊ဒေါ်ခင်အုန်းငွေ၊ ဦးမျိုးထူး၊ ဦးညွန့်ဝေ၊ ဦးသန်းဝင်းနှင့်ဦးမြတ်သူတို့အပါအဝင် ပါတီဝင် ၂၈ ဦးသည် ဇူလိုင် ၂၆ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း၊ ၎င်းတို့၏ဆန္ဒအလျောက်နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့ အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

လပွတ္တာမြို့နယ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီနှင့် ပါတီလုပ်ငန်းများကို စိတ်ပါဝင်စားမှု မရှိတော့ခြင်း၊ ပါတီနှင့်ပါတီခေါင်းဆောင်များအပေါ်ယုံကြည်အားထားမှု မရှိတော့ခြင်းတို့ကြောင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

## မန်ယူက ဖူလ်ဟမ်ကို ဂိုးပြတ်သွင်းပြီး ပရီမီယာလိဂ်ဖွင့် ရွန်နေနှင့် စီရိုနယ်ဒို အနိုင်ဂိုးများ သွင်းပေးနိုင်ခဲ့ ချယ်လ်ဆီးက မန်စီးတီးကိုနိုင်ပြီး သုံးမှတ်ယူ

သတင်းမြင်ကွင်း – မြင့်မောင်ဆိုး

လန်ဒန် ဩဂုတ် ၂၀

ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် မန်ယူအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူက ၁၉ မိနစ်အတွင်း လေးဂိုးသွင်းယူနိုင်ခဲ့သည်ကို တွေ့ရသည်။ စာမျက်နှာ ၉ ကော်လံ ၄ ❒

မန်ယူအသင်းအတွက် တတိယမြောက်ဂိုးကို ရွန်နေသွင်းယူအပြီး ရွန်နေ၊ ပေါလ်စခိုးနှင့် အသင်းသားများ ဤသို့ အောင်ပွဲခံခဲ့သည်။ (ဓာတ်ပုံ–အင်တာနက်)